# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 1 June 2023 ၁၁၁၁၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# မိမိတို့နိုင်ငံ၏ သံနှင့် သံမဏိလိုအပ်ချက်ကို အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် ပင်းပက်စက်ရုံတို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်

## သံမဏိထုတ်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြရာတွင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုများကို ငွေကုန်ကြေးကျ အနည်းဆုံးဖြင့် စက်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရန်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ယနေ့ ဖတ်စရာ**

**စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ ရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်** စာမျက်နှာ » ၅

**ဓမ္မပူဇာဖြင့် ဗန်းမော်ဆရာတော်ဘုရားကြီးအား ပူဇော်ကြပါကုန်စို့** ဆောင်းပါး စာမျက်နှာ » ၆

**ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်မြို့နယ်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံ့အကျိုး တစ်စိတ်တစ်ဝမ်းတည်းဆောင်ရွက်

မြန်မာနိုင်ငံသည် သဘာဝတွင်းထွက်သယံဇာတများနှင့် ရေ၊ မြေသဘာဝ ကောင်းမွန်သောကြောင့် မြေပေါ်မြေအောက်သယံဇာတနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကိုအခြေခံ၍ နိုင်ငံ့စီးပွား၊ ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်သည်။ အဓိကမှာ မိမိနိုင်ငံ၊ မိမိတို့စီးပွားရေးတိုးတက်လာအောင် ဆောင်ရွက်ရေး၌ အားလုံးတစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်း ကြိုးပမ်းလုပ်ကိုင်မည်ဆိုသည့်စိတ်ထား ထားရှိကြရန်လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၃၀ ရက်နေ့က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို တွေ့ဆုံစဉ် "အဓိကအားဖြင့် လိုအပ်သည်မှာ ဒေသတွင်း၌ နေထိုင်သူများအားလုံး အလုပ်လုပ်ကိုင်ရန်ဖြစ်ပြီး မိမိတို့ အလုပ်လုပ်ခြင်း၏အကျိုးကို မိမိတို့ပြန်လည်ခံစား ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့ အရေးအတွက်ကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးသယ်ပိုးကြရန်လိုကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူသည့် ရေခံ၊ မြေခံ၊ အခြေခံကောင်း များ များစွာရှိသည်။ ရေခံ၊ မြေခံ၊ အခြေခံကောင်းများကို စနစ်တကျအသုံးချပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူတစ်ဦးချင်း ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ပေသည်။ မျက်မှောက်ကာလတွင် နိုင်ငံတကာ နှင့်ယှဉ်လျှင် မြန်မာနိုင်ငံသည် တိုးတက်မှုနောက်ကျနေခြင်းအကြောင်းရင်းကို ဆန်းစစ်ကြည့်လျှင် အခြေခံကောင်းများရှိပါလျက် မိမိနိုင်ငံအရေး၊ မိမိတို့အရေး ကို ကောင်းမွန်အောင် လက်တွဲပူးပေါင်းဆောင်ရွက်ကြမည်ဆိုသည့် စည်းလုံး ညီညွတ်သော စိတ်ဓာတ်အားနည်းနေသောကြောင့်ဖြစ်သည်။ ငါနှင့်မတူ၊ ငါ့ဆန္ဒ သဘောထားနှင့်မကိုက်လျှင် နိုင်ငံ့အရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံးအရေးကို ပင် လက်မတွဲနိုင်သော စိတ်ဓာတ်များကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းကြောင်း၊ ပထဝီအနေအထား၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်းနေထိုင်မှုအရ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးအဖွဲ့အစည်း၊ တိုင်းရင်းသားပြည်သူအားလုံး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းဆောင်ရွက် ကြလျှင် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ မလွဲကေန်ဖြစ်လာနိုင်သည်။ တပ်မတော်သည် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး လိုအပ်ချက်များအရ ပါဝင် ဆောင်ရွက်နေခြင်းဖြစ်သည်။ တပ်မတော်ကို မလိုလားသည့် နိုင်ငံ၊ အဖွဲ့အစည်းအချို့ နှင့် လူပုဂ္ဂိုလ်အချို့၏ သမိုင်းစဉ်တစ်လျှောက် သွေးထိုးလှုံ့ဆော်၊ သွေးခွဲမှုများကြောင့် လူမျိုးအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်လာခဲ့ သည်။ ငါနှင့်မတူလျှင် ငါ့ရန်သူသဘောမျိုး၊ ငါ့ဘက်မပါလျှင် ရှောင်ဖယ်ခြင်းမျိုး၊ သဘောထားနှင့်မကိုက်လျှင် လက်မတွဲနိုင်သည့် သဘောမျိုးဖြစ်လာခဲ့သည်။

ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံရေးအရ မတူကွဲပြား၊ သဘောထားကွဲလွဲခွင့်များ ရှိသော်လည်း နိုင်ငံ့အကျိုးအတွက်မူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံများကိုကြည့်လျှင် နိုင်ငံရေးတွင် သဘောထားကွဲလွဲကြသော်လည်း နိုင်ငံ့အကျိုးစီးပွားအတွက်မူ မတူကွဲပြားသူ အားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု တည်တံ့ခိုင်မြဲနေပြီး အစဉ်တိုးတက် နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးနှင့်ဖွံ့ဖြိုးရေးသည် ဆက်စပ်နေပြီး နိုင်ငံရေး ဆောင်ရွက်ရာတွင် တိုင်းပြည်အကျိုးစီးပွားကို အလေးမထားသရွေ့ ဖွံ့ဖြိုးတိုးတက်မှု နှင့် အလှမ်းဝေးနေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးအရ မည်သို့ပင်ရှိသော်လည်း စီးပွားရေးကောင်းမွန် ရေးသည် အဓိကကျသောကဏ္ဍဖြစ်သည်။ ပြင်ပနိုင်ငံများ မည်သို့ပင်ရှိသော်လည်း ပြည်တွင်းအားသည် အဓိကကျသည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည် ဖြစ်၍ နိုင်ငံအတွင်းရှိ သဘာဝသယံဇာတ၊ ရေ၊ မြေသဘာဝအခြေခံကောင်းများ၊ ကုန်ထုတ်စွမ်းအားများ၊ လူသားအရင်းအမြစ်များဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက် အောင်ကြိုးပမ်းဆောင်ရွက်နေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံ ပြီး ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ပါက ဒေသစီးပွားရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝများတိုးတက်ပြီး နိုင်ငံ့စီးပွားရေးလည်း မြင့်မားလာမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးကာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိရာ နိုင်ငံရေးအရ မတူကွဲပြားသော် လည်း နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်း ဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄) နှစ်၊ သိက္ခာတော်(၇၄)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညို နိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာ သဘင်အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်(အင်္ဂါနေ့) ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီ စံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင် လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ဘေး ဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညို နိုင်ပါသည် -

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း

(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း

(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း

(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထု ငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်း လိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက် လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်-

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ် - ၀၉-၄၄၁၀၁၉၂၈၃

(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် - ၀၉-၉၇၀၈၂၃၆၈၈

**အန္တိမအဂ္ဂိဈာပနပူဇာသဘင်အခမ်းအနား**
**ကျင်းပရေးဦးစီးကော်မတီ**

## ခမ္မသဘင် အထူးတရားပွဲများ ဖိတ်ကြားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေး တိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ် ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ ၏ အန္တိမဈာပန ပူဇာသဘင် အထိမ်းအမှတ်အဖြစ် အောက်ဖော်ပြပါနေ့ရက် များတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဗန်းမော်ကျောင်းတိုက်ကြီး၌ ညစဉ် (၇) နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(၁) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက်၊ (၃-၆-၂၀၂၃)၊ (စနေနေ့) သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ။

(၂) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၂)ရက်၊ (၄-၆-၂၀၂၃)၊ (တနင်္ဂနွေနေ့) မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ။

(၃) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၃)ရက်၊ (၅-၆-၂၀၂၃)၊ (တနင်္လာနေ့) မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ။

**တရားပွဲဖြစ်မြောက်ရေးကော်မတီ**


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁-၅-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၀၀၀ | ၁၀၉ | ၂,၅၀၂,၆၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၀၀ | ၂၃,၃၂၉ | ၆၅,၃၁၀,၆၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၁,၉၇၀ | ၂,၈၅၆,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၉၀ | ၂၂၀,၅၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၇ | ၃၄,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

ဦးစားပေး ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ သံရည်ကျိုအလုပ်ရုံ Melt Shop-1 ဆိုင်ရာ အချက်အလက်များ၊ ၂၀၁၇ ခုနှစ်နောက်ပိုင်း စက်ရုံစီမံကိန်း ရပ်တန့်ခဲ့ရမှုကြောင့် စက်ရုံပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်ရာတွင် ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်မှစ၍ သံရည်ကျို လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Melt shop-1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး Billet ထုတ်လုပ်ခြင်းလုပ်ငန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**သံနှင့်သံမဏိ လိုအပ်ချက် နှစ်စဉ် တန်ချိန် နှစ်သန်းခန့်ရှိ**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံတွင် သံနှင့်သံမဏိ လိုအပ်ချက်အနေဖြင့် နှစ်စဉ် တန်ချိန် နှစ်သန်းခန့်ရှိပြီး ပြည်ပငွေများစွာ သုံးစွဲနေရကြောင်း၊ ထို့ကြောင့် ယခင်အစိုးရလက်ထက်က ရပ်တန့်ခဲ့သည့် စက်ရုံအား ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေး အတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မည့် နေရာများကို မြေပြင်ကွင်းဆင်း သုတေသနပြု ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိုလည်း စဉ်းစား ဆောင်ရွက်ထားရန်လိုကြောင်း၊ စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Melt Shop-1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝ လည်ပတ်နိုင်ရေး အဆင့်အလိုက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သံနှင့် သံမဏိလိုအပ်ချက်ကို ယခုစက်ရုံနှင့် ပင်းပက်စက်ရုံတို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်နှင့် မွေးထုတ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ နောင်အနာဂတ်တွင် စက်ရုံသို့ ပို့ဆောင်မည့် ကုန်ကြမ်းများ၊ စက်ရုံမှထွက်ရှိလာသည့် သံနှင့် သံမဏိပစ္စည်းများကို လျှပ်စစ်ရထားအသုံးပြု၍ သယ်ယူပို့ဆောင်ဖြန့်ဖြူးနိုင်ရေး အတွက်လည်း ရေရှည်ကိုမြော်တွေး၍ တွက်ချက်ဆောင်ရွက်ထားရှိရန်လိုကြောင်း မှာကြားပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝ လည်ပတ်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)မှ ဝန်ထမ်းများကို သံမဏိထုတ်လုပ်မှုများ တိုးတက်စေရေး အားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**☆ မိမိတို့နိုင်ငံတွင် သံနှင့်သံမဏိ လိုအပ်ချက်အနေဖြင့် နှစ်စဉ် တန်ချိန် နှစ်သန်းခန့်ရှိပြီး ပြည်ပငွေများစွာ သုံးစွဲနေရ**

**☆ စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Melt Shop-1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝ လည်ပတ်နိုင်ရေးအဆင့်အလိုက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်**

✰ စာမျက်နှာ ၃ မှ

ထို့နောက် သံမဏိစက်ရုံအတွင်း သံရည်ကျိုအလုပ်ရုံ Melt Shop-1 သို့ ရောက်ရှိပြီး အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၊ Melt Shop-1 ပြန်လည်စတင်ခြင်း ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Melt Shop-1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး Billet ထုတ်လုပ်ခြင်း လုပ်ငန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်သံရည်ကျိုဌာနရှိ သံရည်ကျိုလုပ်ငန်းအား စက်ခလုတ်နှိပ်၍ စတင်လည်ပတ်စေသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လျှပ်စစ်သံရည်ကျိုဌာနရှိ သံရည်ကျိုလုပ်ငန်းအား စက်ခလုတ်နှိပ်၍ စတင်လည်ပတ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)မှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပပညာရှင်များအား သစ်သီးခြင်း ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာန၌ သံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ် သံရည်ကျိုပုံလောင်းဌာနမှ ၉ မီတာအရှည်ရှိ သံမဏိလေးထောင့်တုံး (Steel Billet)များ ထုတ်လုပ်နေမှုကို တစ်ခုချင်း အသေးစိတ်ကြည့်ရှုစစ်ဆေးရာ ဌာနအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

## ချီးမြှင့်ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာနမှ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ထုတ်လုပ်ခဲ့သည့် သံမဏိလေးထောင့်တုံး Billet ပေါ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင် ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပပညာရှင်များအား သစ်သီးခြင်း ပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Melt Shop-2 သို့ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်နေမှုအခြေအနေများကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် စတင်ထုတ်လုပ်ခဲ့သည့် သံမဏိပြားများကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) ဝန်ထမ်းစားရိပ်သာ၌ စက်ရုံဝန်ထမ်းများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ပြီး ဝန်ထမ်းများအား သံမဏိထုတ်လုပ်မှုများ တိုးတက်စေရေး အားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

## စတင်ထုတ်လုပ်နိုင်ခဲ့

အဆိုပါ စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီးတွင် တည်ရှိပြီး ၂၀၀၄ ခုနှစ်တွင် စတင်စာချုပ်ချုပ်ဆို အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် Malt Shop-2 အလုပ်ရုံမှ သံမဏိပြားတန်ချိန် ၂၀၀၀ ကို စတင်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သံမဏိစက်ရုံ(မြင်းခြံ) အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၀ ရာခိုင်နှုန်းကျော် ရောက်ရှိနေပြီဖြစ်သော်လည်း ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ (၇/၂၀၁၇)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအရ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ရကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်မှစ၍ စီမံကိန်းရပ်ဆိုင်းခဲ့ရစဉ် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကျပ်သန်းပေါင်း ၄၀၃၉၃၂ ဒသမ ၈၈၂ သန်းရှိပြီဖြစ်ပြီး စီမံကိန်းပြီးစီးမှု ရာခိုင်နှုန်းအနေဖြင့် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း၊ ထိုသို့ စီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ထိခိုက်ဆုံးရှုံးခဲ့ရပြီး စီမံကိန်းချေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် ဆက်လက်ပေးဆပ်ခဲ့ရကြောင်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီး လိုအပ်ချက်ပင်ဖြစ်ပြီး သံနှင့်သံမဏိထုတ်လုပ်ရေး စီမံကိန်းများ အောင်မြင်ပြီးစီးပါက ပြည်ပမှ သံနှင့်သံမဏိတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်ပဈေးနှုန်းထက် သက်သာစွာဖြင့် အသုံးပြုနိုင်မည် ဖြစ်သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ တာဝန်ယူသည့်အချိန်တွင် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ကျင်းပပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်အရ သံမဏိစက်ရုံ စီမံကိန်းများကို ပြန်လည်စိစစ်၍ လုပ်ငန်းများ ပြန်လည် စတင်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် စက်ရုံစီမံကိန်းများအား စနစ်တကျဖြင့် အပိုင်းလိုက် တည်ဆောက်၍ မှန်မှန်ကန်ကန်ဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးစေရေး စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Phase-1 (Melt Shop-1) ဆောင်ရွက် ပြီးစီးပြီဖြစ်ပြီး Phase-1 အပြည့်အဝ လုပ်ငန်းလည်ပတ်ချိန်တွင် Phase-2 (Melt Shop-2)အား လုပ်ငန်းလည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေး အဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြားလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ယခုထက်ပိုမိုတိုးတက်လာစေရေး အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)မှ အဓိကအင်အားစုတစ်ခုအဖြစ် အားဖြည့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ (၆/၂၀၂၃) အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၃၁

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏(၆/၂၀၂၃)အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသော အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြဆောင်ရွက်ကြပြီး တင်ပြလာသော အမှာစာများအပေါ် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ကော်မတီရေးရာကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များက ဆက်လက်တင်ပြခဲ့ရာ ကော်မတီဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ ရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာလုပ်ငန်းသုံး ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်များ ဝယ်ယူရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် အရင်းအနှီးလိုအပ်ချက်ရှိသူ တောင်သူဦးကြီးများသို့ **စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ**များကို ၁ နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး **ကျပ်သိန်း ၇၀၀**၊ တောင်သူအစုအဖွဲ့ တစ်ဖွဲ့အတွက် အများဆုံး **ကျပ်သိန်း ၅၀၀၀** အထိ ရယူထုတ်ချေးနိုင်ပြီး တောင်သူစိတ်ကြိုက်ဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို စက်ကိရိယာအရောင်းပြခန်းကုမ္ပဏီများထဲတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်။ ချေးငွေပေးဆပ်ရာတွင် ထော်လာဂျီ၊ လက်တွန်းထွန်စက်ချေးငွေအတွက် ၃ နှစ် ၃ ရစ်၊ အဆိုပါစက်များမှအပ ကျန်စက်ကိရိယာများအတွက် ၅ နှစ် ၅ ရစ် ပေးဆပ်သည့်စနစ် ဖြစ်ပါသည်။

ချေးငွေရယူလိုသော တောင်သူဦးကြီးများအနေဖြင့် မိမိတို့နှင့် နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်၍ ချေးငွေအတွက် တင်သွင်းရမည့်အာမခံနှင့် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို စုံစမ်းမေးမြန်းပြီး ချေးငွေလျှောက်ထားရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ချေးငွေနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၏လိပ်စာ၊ အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၁၃၃၉၁၂၃၅ သို့လည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ ယာယီအကြီးအကဲအား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၃၁

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA) ၏ ယာယီအကြီးအကဲ Ms. Danielle Parry အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်အောက်ခံအဖွဲ့အစည်းများက မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် အဆင်ပြေချောမွေ့ရေး၊ ထိရောက်မှုရှိစေရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၃၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ရောက်ရှိခဲ့**

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မေ ၂၈ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်း

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တာစက်ချုပ်သင်တန်း(၁/၂၀၂၃)ဆင်းပွဲကို အုတ်ဖိုကျေးရွာတွင် မေ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က အမှာစကား ပြောကြားသည်။

သင်တန်းကို မေ ၁ ရက်မှ ၃၀ ရက်အထိ တစ်လကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဓမ္မပူဇာဖြင့် ဗန်းမော်ဆရာတော်ဘုရားကြီးအား ပူဇော်ကြပါကုန်စို့

ဘကြီးကောင်း

မောင်မြင့်အေးရေ ...

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဗန်းမော်ဆရာတော်ဘုရားကြီး ပြီးခဲ့တဲ့ ၁၃၈၅ ခုနှစ် နယုန်လဆန်း(၇)ရက် (၂၅-၅-၂၀၂၃) ရက်ည မဇ္ဈိမယံမှာ ပျံလွန်တော်မူရှာပြီဆိုတဲ့သတင်းကို ကြားလိုက်ရတော့ ဗုဒ္ဓဘာသာဝင်မြန်မာပြည်သူတွေအဖို့ အင်မတန်မှစိတ်ထိခိုက်ပြီး နှလုံးစိတ်ဝမ်းမသာမယာဖြစ်ကြရတယ်ကွယ်။

လူမှုကွန်ရက် စာမျက်နှာထက်မှာလည်း ဆရာတော်ကြီးရဲ့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နဲ့ပတ်သက်ပြီး အနီးနေသံဃာတော်အရှင်မြတ်အချို့ရဲ့ ရေးသားဖော်ပြမှုတွေကို မြင်ရဖတ်ရပြန်တော့လည်း နိုင်ငံတော်နဲ့သာသနာတော်မြတ်ကြီးအတွက် နှမြောတသ ယူကျုံးမရဖြစ်ကြရတယ်။

အထူးသဖြင့် ဆရာတော်ကြီးရဲ့ ဥဇုပ္ပဋိပန္နော ဆိုတဲ့ ရိုးဂုဏ်တွေကို တသသ ပြန်လည်မှန်းဆလွမ်းတမ်းတကြရတယ်။ သံဃာ့ဂုဏ် ကိုးပါးထဲက တစ်ပါးအပါအဝင်ဖြစ်တဲ့ ဥဇုပ္ပဋိပန္နောဂုဏ်ဆိုတာ ဥဇု-ဖြောင့်မှန်စွာ၊ ပဋိပန္န-ကျင့်သူလို့အဓိပ္ပာယ်ရတယ်ကွဲ့။ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ "ရတနာသုံးပါးကျေးဇူး" စာအုပ်ထဲမှာတော့ "ဘဂဝတော-ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏၊ သာဝကသံဃော-တပည့်သား သံဃာတော်အပေါင်းသည်၊ ဥဇုပ္ပဋိပန္နော-ကိုယ်နှုတ်စိတ်ဝယ်၊ မဖုံးကွယ်ဘဲ၊ အရှယ်သုံးမျိုး၊ မချိုးမထောင့်၊ ရိုးဖြောင့်မှန်စွာ ကျင့်ကြံတော်မူပါပေ၏။

မဇ္ဈိမပဋိပဒါလမ်းသည် ဖြောင့်မှန်သောလမ်းဖြစ်သည်။ သံဃာတော်အရှင်မြတ်တို့သည် ထိုလမ်းစဉ်အတိုင်းကျင့်တော်မူကြ၍ 'ဖြောင့်မှန်စွာကျင့်သူ' ဟု ခေါ်ရ၏။

ကိုယ်နှုတ်စိတ်သုံးပါးတွင်လည်း ဒုစရိုက်ဆယ်ဖြာမဝင်သာဘဲ မာယာ၊ သာဌေယျ စသောအကောက်တရားများလည်းမရှိ၍ ရိုးသားဖြောင့်မတ်တော်မူ၏။ လောကဥ္စ ရိုးသားဖြောင့်မတ်ခြင်းဂုဏ်သည် ကြီးမြတ်လှပေသည်။

ပထမ၊ ဒုတိယ၊ တတိယဟူ၍ အရွယ်အားဖြင့် သုံးမျိုးရှိရာတွင်လည်း မည်သည့်အရွယ်၌မျှ ကောက်ကျစ်စဉ်းလဲ ဖောက်လွှဲချိုးဖျက် သိုဝှက်ဖုံးကွယ်ကွေ့ဖယ်သွေဖည် လိမ်လည်လှည့်ဖြားမရိုးသားမှုမရှိ။ သီလ သမာဓိ ပညာအကျင့်များကို တစ်ဖြိုးတည်း၊ တစ်သန်တည်း၊ တစ်ဖြောင့်တည်း မြင့်ထက်မြင့် ဖြောင့်ထက်ဖြောင့်အောင် ကျင့်တော်မူသည်ဟု ဆိုလိုပေသည်" စသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရေးသားထားတယ်ကွဲ့။

## ဝိမံသာဓိပတိ

"မန္တလေးမှာ တစ်မနက်ခင်းလုံးဆွမ်းခံသွားရတယ်၊ နံနက် ၆ နာရီလောက်ဆို ဆွမ်းခံထွက်ပြီ။ ကျောင်းကို ၈ နာရီ၊ ၉ နာရီလောက်မှပြန်ရောက်။ သုံးနာရီလောက်၊ 'ဟာ'၊ အလကားအချိန်တွေကုန်တာပဲ။ ငါဘာလုပ်ရပ့်မတုံး၊ စဉ်းစားတယ်။ အဲဒီတော့ သပိတ်ဖုံးပေါ်မယ် ဒီလိုစာရွက်ကလေးရေးသွားတာ။ ကျက်ရမယ့်စာလေး။ အဲဒါ ဆွမ်းခံရင်း မတ်တတ်စာကျက်သွားတာ။ အပြန်အခါဆို စာတွေရတာပဲ။ တစ်ခါတလေ စာတွေမကျက်နိုင်ဘူးဆိုရင် ဆွမ်းခံရင်း စာတွေပြန်သွားတာ။ အဲဒီလို ဉာဏ်လေးနဲ့လုပ်တော့ ဝိမံသာဓိပတိပေါ့။

တစ်ခါတလေ နောက်နားက ကိုယ်တော်နှစ်ပါးက ပြောသေးတယ်။ 'အဲဒီကိုယ်တော် တောထွက်ကြီးနဲ့တူပါရဲ့'တဲ့။ တစ်ပါးက 'မဟုတ်ဘူးဗျ၊ ကြည့်တော့သာ ဒီကိုယ်တော်က တောထွက်ကြီးနဲ့တူတာ၊ ဉာဏ်သိပ်ကောင်းတဲ့ကိုယ်တော်၊ ပညာအလွန်တော်တယ်'တဲ့။ သူတို့က ဘုန်းဘုန်းကိုချီးကျူးသွားကြတာ။ နောင်ဆို စာမေးပွဲတွေမှာ ဘုန်းဘုန်း ပထမရအောင်။ အဲဒီလိုဆိုတော့ အံ့သြကြတယ်။ အဲဒီလိုပြောလို့ ဆရာတော် ကြွားတယ်လို့ မထင်ပါနဲ့၊ ဝိမံသာဓိပတိလေးပေါ်အောင်ပြောတာပါ။"

ပဋ္ဌာန်းဒေသနာ အပိုင်း(၂)တရားတော်မှာ ဆရာတော်ကြီးကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တဲ့ ဘဝတစ်စိတ်တစ်ဒေသကို နာယူမှတ်သားမိမယ်ဆိုရင် ဆရာတော်ကြီးရဲ့ ငယ်စဉ်ကတည်းက ထက်သန်တဲ့ဝီရိယနဲ့ ဉာဏ်ပညာကိုကြည်ညိုဖွယ်ရာ တွေ့မြင်ရမှာဖြစ်ပါတယ်။

ဒီလို ငယ်စဉ်ကတည်းက ထက်သန်တဲ့ဝီရိယနဲ့ ဉာဏ်ပညာတို့ကို အဓိပတိထားပြီး ဆောင်ရွက်တော်မူခဲ့တဲ့အတွက်ကြောင့်လည်း ဆရာတော်ကြီးဟာ ၁၃၁၅ ခုနှစ်မှာ "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ ဝဋံ့သကာ၊ BA(မန်းတက္ကသိုလ်)၊ သာသနဓဇသိရီ ပဝရဓမ္မာစရိယဘွဲ့" ၁၃၁၈ ခုနှစ်မှာ "ပါဠိသိရောမဏိ"ဘွဲ့၊ ၁၃၇၈ ခုနှစ်မှာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့က ဆက်ကပ်တဲ့ ဂုဏ်ထူးဆောင် ဓမ္မပါရဂူ (D.Litt)ဘွဲ့၊ ၂၀၀၃ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်က ဆက်ကပ်တဲ့ Doctor of Letters (D.Litt)ဘွဲ့၊ ၂၀၁၆ ခုနှစ်မှာ ကိုရီးယားနိုင်ငံ Sehan University က ဆက်ကပ်တဲ့ ဘာသာရေးအတွေးအခေါ် ဘာသာရပ်ဂုဏ်ထူးဆောင်(Ph.D) ပါရဂူဘွဲ့တို့ကို ဆွတ်ခူးရရှိတော်မူခဲ့ပါတယ်။

ဆရာတော်ကြီးကတော့ "စာမေးပွဲတွေအောင်ရမယ်ဆိုတဲ့စိတ်နဲ့ စာမကျက်ဘူး။ ငါဘုရားကို ဘယ်နှခေါက်ပူဇော်နိုင်မလဲဆိုတဲ့ စိတ်နဲ့ပဲ စာကြည့်၊ စာကျက်လုပ်ခဲ့တယ်။ အဲဒီလိုနဲ့ သကျသီဟဝဋံ့သကာ၊ ပါဠိသိရောမဏိစတဲ့ ဘွဲ့တွေရခဲ့တာ"လို့ မိန့်ကြားတော်မူခဲ့ကြောင်း နာယူမှတ်သားမိပါတယ်။

ဆရာတော်ကြီးဟာ စာပေကျမ်းဂန်တွေ သင်ကြားပို့ချ ရေးသားပြုစုတော်မူခဲ့တဲ့အပြင် သံဃာ့အဖွဲ့အစည်းတွေမှာလည်း တာဝန်အဆင့်ဆင့် ထမ်းဆောင်တော်မူခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှ ယခုဘဝနတ်ထံပျံလွန်တော်မူတဲ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိအဖြစ် သာသနာ့တာဝန်တွေကို ဆောင်ရွက်တော်မူခဲ့ပါတယ်။



ဆရာတော်ကြီးဟာ နာမကျန်းဖြစ်လို့ ရောဂါဝေဒနာခံစားနေစဉ်မှာလည်း ကျန်းမာရေးအခြေအနေကို သွားရောက်မေးမြန်းလျှောက်ထားတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ဇနီးအပါအဝင်ဧည့်ပရိသတ်အပေါင်းကို မမောနိုင် မပန်းနိုင်တရားတော်တွေ ချီးမြှင့်ဟောကြားတော်မူဆဲပါ။

ဒါ့အပြင် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတွေ အန္တရာယ်ကင်း၊ ဘေးရှင်းအောင် သမ္ဗုဒ္ဓေဂါထာနဲ့ ဘုရားရှိခိုးဖို့၊ ယခုဘဝ နောက်ဘဝ နှစ်ဌာနလုံး ကောင်းမွန်အောင် ဘုရားဂုဏ်တော် ပုတီးစိတ်ဖို့၊ မေတ္တာပွားဖို့၊ နတ်ဗြဟ္မာသတ္တဝါအားလုံးကို အမျှပေးဝေဖို့ တစ်သက်တာအမှတ်ရဖွယ် သာရဏီယ ဆုံးမဩဝါဒတွေကိုလည်း မိန့်မှာတော်မူခဲ့ပြန်ပါတယ်။

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်ဆိုတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးကို လေးမြတ်ကော်ရော်ပူဇော်ကြဖို့ ဆရာတော်ကြီးက ဆုံးမလမ်းညွှန်တယ်ဆိုတာကလည်း တကယ်တမ်းတော့ သတ္တဝါတွေရဲ့အကျိုးစီးပွားအတွက်ပဲ မဟုတ်ပါလား။

## သက်ဆုံးတိုင် အမြဲရွတ်ဆိုပွားများ

သမ္ဗုဒ္ဓေဂါထာကို ငယ်စဉ်ကတည်းက သက်ဆုံးတိုင် အမြဲရွတ်ဆိုပွားများခဲ့တဲ့ စာရေးဆရာကြီး ဒဂုန်နတ်ရှင်ဆိုရင် ဒုတိယကမ္ဘာစစ်ကာလမှာ စစ်ဘေးရှောင်ရင်း တရုတ်စစ်သားတွေနဲ့တိုးပြီး တယ်လီဖုန်းကြိုးဖြတ်သူလို့ အထင်မှား၊ အသတ်ခံရဆဲဆဲမှာ သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲကရွတ်ဆိုနေခဲ့လို့ သေနတ်မောင်းတင် အပစ်ခံရခါနီးလေးမှာပဲ အသက်ဘေးက ကြံဖန်လွတ်ခဲ့ရတယ်လို့ဆိုတယ်။ ဒါကြောင့်မို့ ဆရာကြီးဟာ သူ့အသက်ကို ကယ်တင်ခဲ့တဲ့ သမ္ဗုဒ္ဓေဂါထာကို သူ့တစ်သက်တာမှာ ဘယ်အခါမျှ နှုတ်ကမချခဲ့ဘူးလို့ ရေးသားခဲ့ပါတယ်။

စာရေးဆရာကြီး သဒ္ဒါဆိုလည်း အိမ်ထောင်ပြုစဉ်က ဆင်းရဲလိုက်သည့်ဖြစ်ခြင်းလို့ ဆိုပါတယ်။ အိမ်ငှားဘဝမှာ အိမ်လခတောင်ပေးစရာမရှိဘူးတဲ့။ သမ္ဗုဒ္ဓေဂါထာကို နေ့စဉ်မှန်မှန်ပုတီးစိတ်ခဲ့ရာမှာ "ယခင်က မွဲတေလှသော(စာရေးဆရာ)ဘဝမှသည် ယနေ့တိုင် မယိမ်းမယိုင်ရပ်တည်ကာ နောက်ဆုံးအိုးပိုင်၊ အိမ်ပိုင်လေးနဲ့ ယခုလိုနေထိုင်ရခြင်းပင်တည်း"လို့ ရေးသားခဲ့ဖူးတယ်ကွဲ့။

ဆရာကြီးက သူ့ကိုယ်တွေ့ဖြစ်ရပ်အပြင် အခြားသူတွေရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကိုလည်း ရေးသားဖော်ပြခဲ့ပါတယ်။

မိန်းမတစ်ဦးဆိုရင် သူ့ကိုရိုက်ဖို့ချောင်းနေတဲ့ ယောကျ်ားကြီးသုံးယောက်က သူပြန်လာတိုင်း ဘေးကယောကျ်ားကြီးနှစ်ယောက် အဖော်ပါလာတာကို တွေ့တွေ့နေလို့ အကြံအစည်အထမမြောက်ခဲ့ဘူးတဲ့။ အမှန်တော့ ဒီအမျိုးသမီးက နေ့တိုင်း အဖော်မပါ တစ်ကိုယ်တည်း သမ္ဗုဒ္ဓေဂါထာရွတ်ပြီး ပြန်လေ့ရှိသူလို့ဆိုပါတယ်။

စစ်အတွင်းကာလမှာ နေ့စဉ်ဘုရားကိုအာရုံပြု ပုတီးစိတ်၊ သမ္ဗုဒ္ဓေဂါထာရွတ်၊ ပဋ္ဌာန်း (၂၄) ပစ္စည်းစည်းချပြီးမှ အိပ်ရာဝင်တဲ့ မိသားတစ်စုဟာလည်း အနုကြမ်းစီး ခဲပြတိုက်ဖို့လာတဲ့ လူဆိုးခဲပြတွေရဲ့အမြင်မှာ တစ်အိမ်လုံးမီးတွေလင်းနေပြီး လူတွေတရုန်းရုန်းနဲ့ မြင်ခဲ့ရလို့ ခဲပြဘေးက လွတ်ကင်းသွားခဲ့တယ်။ အမှန်အားဖြင့်တော့ ဒီအိမ်ထဲမှာ သူတို့မိသားစုအပြင် ဘယ်သူမှမရှိခဲ့ဘူးလို့ဆိုပါတယ်။

အကျယ်သိချင်ရင်တော့ ဆရာကြီးမင်းသူရိန်ရဲ့ "တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ" စာအုပ်နဲ့ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ "ရတနာသုံးပါးကျေးဇူး"စာအုပ်တွေကို ကိုယ်တိုင်သာဖတ်ရှုလေ့လာကြည့်ပေတော့။

အလားတူပဲ ဆရာတော်ကြီးက ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတွေအပါအဝင် လောကသားတို့ရဲ့ အကျိုးစီးပွားအတွက် ဒိဋ္ဌဓမ္မ ဒီဘဝမှာပဲ အကျိုးပေးအောင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်တဲ့အခါမှာ (၁)ခန္ဓာကိုယ်သန့်ရှင်းစေရမည်၊ (၂) အချိန်မှန်မှန် ရွတ်ဖတ်ရမည်၊ (၃) ပီပီသသ အသံကျယ်ကျယ်ရွတ်ဖတ်ရမည်၊ (၄) ပြီးလျှင် အမျှဝေ မေတ္တာပွားရမည်ဆိုတဲ့ စံချိန်ကိုက်ရွတ်ဖတ်နည်း လေးနည်းကိုအခါအားလျော်စွာ ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူခဲ့ပါတယ်။

ပဋ္ဌာန်းနဲ့ ဆရာတော်ကြီးက သဟဇာတ၊ အညမညလို့လည်း ဆိုရမယ်ကွဲ့။ ဆရာတော်ကြီးကိုယ်တိုင်ကလည်း "ဘုန်းဘုန်းက ပဋ္ဌာန်းဝါသနာပါပါတယ်။ ပဋ္ဌာန်းဝါသနာပါလို့ ဆရာသမားတွေဆီ ပဋ္ဌာန်းခုနစ်ခေါက်တက်ပါတယ်။ တစ်ခေါက်တစ်ခေါက်ကို သုံးလ၊ လေးလ အဲဒီလိုကြာပါတယ်။ စာချတန်းပြီးမှလည်း တက်သေးတယ်။ တချို့က စာချတန်းပြီးပြီဆိုရင် စာတတ်ပြီဆိုပြီးရပ်လိုက်တာ။ ဘုန်းဘုန်းက မရပ်ဘူး၊ ငါမတတ်သေးဘူးဆိုပြီး ပဋ္ဌာန်းတွေဆက်ပြီး ဆရာသမားတွေဆီ တက်ပါတယ်။ နောက် ဆဋ္ဌသင်္ဂါတင်တော့လည်း ပဋ္ဌာန်းတွေ ဘာတွေ ဘုန်းဘုန်းတို့ပဲ ပြင်ပါတယ်။ ပဋ္ဌာန်းချတာကတော့ အခေါက်ရေ တော်တော်များနေပါပြီ။ အဲဒီလိုပြောတာက ကြွားချင်လို့ပြောတာ မဟုတ်ပါဘူးနော်၊ အခေါက်ခေါက် အခါခါတက်တော့ အာသေဝန ပစ္စယောလို့ခေါ်တယ်။ အဖန်ဖန် အထပ်ထပ် မှီဝဲဆည်းကပ်တဲ့ အလုပ်အကိုင်မျိုးလုပ်တော့ အဲဒါတဖြည်းဖြည်းကျွမ်းကျင်လာတယ်လို့ဆိုပါတယ်" စသဖြင့် ပဋ္ဌာန်းဒေသနာတရားတော်မှာ ဟောကြားတော်မူခဲ့ပါတယ်။

ဒါ့အပြင် "ပဋ္ဌာန်းတရားနာရတဲ့အတွက် ပစ္စယပရိဂ္ဂဟဉာဏ်၊ အကောင်းဆုံးဉာဏ်ရပါတယ်။ သူ့ထက်ကောင်းတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် မရှိတော့ဘူး။ ပဋ္ဌာန်းတရားဟာ အကောင်းဆုံးအကြောင်းအကျိုး၊ အကြောင်း(၂၄)ပါး၊ အကျိုး(၂၄)ပါးပြောပြတာနော်။

အေး၊ တို့အလွန်တရာကောင်းမွန်တဲ့ ပဋ္ဌာန်းတရားနာကြားရတယ်လို့ ဒီလိုဝမ်းသာရမယ်နော်။ ဘုန်းဘုန်းလည်းပဲ အခု အသက် (၈၀)ရှိပြီ။ နောက်ဒါထက်ကြီးလာလို့ရှိရင် ဒီလိုပဋ္ဌာန်းတရားတွေ ဟောချင်မှဟောနိုင်တော့မယ်နော်။ အေး၊ ကြိုးစားပြီးနာပါ"လို့လည်း မိန့်ကြားတော်မူခဲ့ပါတယ်။

သို့ဖြစ်ရကား တိုင်းနိုင်ငံနဲ့သာသနာတော်မြတ်ကြီးအတွက် တံခွန်သဖွယ် အလေးအမြတ်ပြုကြရတဲ့ မဟာထေရ်မြတ်ကြီးရဲ့ အန္တိမအင်္ဂါစျာပနပူဇာသဘင်အခမ်းအနားကို နိုင်ငံတော်က နိုင်ငံတော်အဆင့်အခမ်းအနားနဲ့ ခမ်းခမ်းနားနား ကျင်းပပူဇော်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိတဲ့နည်းတူ မြန်မာပြည်သူအပေါင်းကလည်း ဆရာတော်ကြီးရဲ့ဆုံးမဩဝါဒနဲ့အညီ ဓမ္မပူဇာနဲ့ ဆရာတော်ကြီးကို ပူဇော်ကြပါကုန်စို့။ ။

"ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတွေ အန္တရာယ်ကင်း၊ ဘေးရှင်းအောင် သမ္ဗုဒ္ဓေဂါထာနဲ့ ဘုရားရှိခိုးဖို့၊ ယခုဘဝ နောက်ဘဝ နှစ်ဌာနလုံး ကောင်းမွန်အောင် ဘုရားဂုဏ်တော် ပုတီးစိတ်ဖို့၊ မေတ္တာပွားဖို့၊ နတ်ဗြဟ္မာသတ္တဝါအားလုံးကို အမျှပေးဝေဖို့ တစ်သက်တာအမှတ်ရဖွယ် သာရဏီယ ဆုံးမဩဝါဒတွေကိုလည်း မိန့်မှာတော်မူခဲ့ပြန်ပါတယ်။

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်ဆိုတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးကို လေးမြတ်ကော်ရော်ပူဇော်ကြဖို့ ဆရာတော်ကြီးက ဆုံးမလမ်းညွှန်တယ်ဆိုတာကလည်း တကယ်တမ်းတော့ သတ္တဝါတွေရဲ့အကျိုးစီးပွားအတွက်ပဲ မဟုတ်ပါလား"

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အတွင်း မိုခါမုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်၍ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဖောင်တော်ကြီး ဆိပ်ခံတံတား ရှင်းလင်းဆောင်၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း ဘေးဒဏ်သင့်ခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် မိမိတို့ဌာနများတွင်လည်း အုပ်ချုပ်မှုအဆောက်အအုံများ၊ လူနေအဆောက်အအုံများထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်အလိုက် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုပေးအပ်သည့် ထောက်ပံ့ငွေများသည် လတ်တလော အရေးပေါ်သုံးစွဲရမည့် ကိစ္စရပ်များအတွက် အထောက်အပံ့ဖြစ်စေရန် ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မုန်တိုင်းဒဏ်သင့် အခြားဒေသများသို့ ဆောလျင်စွာပေးပို့ထောက်ပံ့သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပေးအပ်**

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဌာနအလိုက် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ AQUARIUS သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို စက်ယန္တရားကြီးများဖြင့် ဆိပ်ကမ်းပေါ်သို့ ပို့ဆောင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ စစ်တွေမြို့ ဖောင်တော်ကြီးဆိပ်ခံတံတား၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တို့နှင့်အတူ စစ်တွေမြို့ ဘက်စုံသုံး ဆိပ်ကမ်းသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး ပစ္စည်းများ သယ်ဆောင်လာသည့် စစ်ရေယာဉ် မြစ်ကြီးနား ဆိုက်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေး ပစ္စည်းများအား ဘေးသင့်ဒေသများသို့ ဆောလျင်စွာဖြန့်ခွဲပေးပို့နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများ၏ ပြန်လည်ထူထောင်ရေး ဆိုင်ရာတင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့် မြို့ရွာများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် ရွေ့လျား ရေသန့်ကားများ၊ Life Straw (ရေနောက်မှရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက်များ၊ ဆိုလာစနစ်သုံး ရွေ့လျား ရေသန့်စက်များဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

ရွေ့လျားရေသန့်ကားများကို စစ်တွေမြို့နယ်တွင် သုံးစီး၊ ရသေ့တောင်မြို့နယ်တွင် နှစ်စီး၊ မင်းပြားမြို့နယ်တွင် တစ်စီး ဖြန့်ခွဲပေးပို့ထားပြီး ထပ်မံရောက်ရှိလာမည့် ရွေ့လျားရေသန့်ကား သုံးစီးကိုလည်း ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့နယ်များသို့ အမြန်ဆုံးပေးပို့သွားမည်ဖြစ်သည်။

အဆိုပါ ရွေ့လျားရေသန့်ကားများသည် တစ်နာရီလျှင် ရေဂါလန် ၈၀၀ သန့်စင်ပေးနိုင်ပြီး မေ ၁၆ ရက်မှ ၃၁ ရက်အထိ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် အသီးသီး၌ သန့်ရှင်းသောသောက်သုံးရေ ဂါလန် ၂၈၅၅၀၀ ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်သည်။

**ဖြန့်ခွဲပေးပို့ထား**

အလားတူ လျှပ်စစ်ဓာတ်အား မလိုအပ်သည့် တစ်နာရီလျှင် သုံးဂါလန်ခန့် သန့်စင်ပေးနိုင်သော Life Straw (ရေနောက်မှ ရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက်အလုံး ၂၁၀ ကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ပေါက်တော၊ ဘူးသီးတောင်၊ မောင်တောနှင့် မြေပုံမြို့နယ်များ အတွင်းရှိ ကျေးရွာပေါင်း ၁၄၃ ရွာသို့ ဖြန့်ခွဲပေးပို့ထားပြီး ယင်းရေသန့်စက်တစ်လုံးသည် လူဦးရေ ၁၀၀ အတွက် တစ်နေ့တာ သောက်သုံးရန်ရေကို လုံလောက်စွာ သန့်စင်ပေးနိုင်ကြောင်း သိရသည်။

ထို့အတူ မြေသားရေစုကန်မှ နောက်ကျိနေသော ရေများကို စုပ်ယူသန့်စင်ပေးနိုင်သည့် ဆိုလာသုံးရွေ့လျားရေသန့်စက် သုံးစုံဖြင့် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များ၌ လှည့်လည် သန့်စင်ဖြန့်ဝေပေးလျက်ရှိပြီး အဆိုပါရေသန့်စက်များသည် တစ်နာရီလျှင် ဂါလန် ၃၀၀ ခန့် သန့်စင်ပေးနိုင်သည်။ ထို့ပြင် ဆိုလာစနစ်သုံး ရေသန့်စက် ၁၇လုံး ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး မုန်တိုင်းဒဏ်သင့်မြို့နယ်များအတွင်းရှိ ကျေးရွာများသို့ ဆက်လက်ဖြန့်ခွဲပေးပို့သွားမည်ဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မေ ၂၃ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောင်းအပ်နှံ လက်ခံမှုများ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ယနေ့အထိ အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းအပ်နှံမှုအခြေအနေမှာ မြို့နယ် ၁၇ မြို့နယ်တွင် စုစုပေါင်း ၃၇၄၉၀၄ ဦး ကျောင်းအပ်နှံခဲ့ပြီးဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများ အားလုံး တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ပုဏ္ဏားကျွန်းမြို့နယ်၌ Life Straw ရေသန့်စက်များ ဖြန့်ဝေပေးထားမှုကို တွေ့ရစဉ်။



ရသေ့တောင်မြို့နယ်၌ ရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။



မောင်တောမြို့နယ် ကျောက်လှေကား(မူလွန်)၌ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၃၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီပေးရန် အသင့်ရှိနေခြင်းကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်နှင့် မြန်မာ-ထိုင်း နယ်နိမိတ်နယ်စပ်ဒေသတို့တွင် ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်ညာမှု၊ လောင်းကစားမှု၊ နယ်စပ်ဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်နှင့် တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာများနှင့် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သတ္တမအကြိမ် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေး ဆောင်ရွက်နိုင်ရေး၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ လန်ချန်း-မဲခေါင် အကူအညီပေးရေး အစီအစဉ်မှ အခြေခံ အဆောက်အအုံများ တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ နည်းပညာ အသုံးပြုမှုများနှင့် လေ့ကျင့် သင်တန်းပေးမှုများတွင် တိုးမြှင့် ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ရေးကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်အောင်အောင်နှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ်အောင်ဌေးမြင့်တို့တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဟောင်ကောင် (တရုတ်)- စီအယ်လ်အမ်ဗွီ အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပ




နေပြည်တော် မေ ၃၁

ASEAN-Hong Kong Free Trade Agreement (AHKFTA)၏ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဟောင်ကောင်(တရုတ်)နှင့် CLMV အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်ကာလအလွန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမှတစ်ဆင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ရည်ရွယ်၍ ဟောင်ကောင်(တရုတ်)- စီအယ်လ်အမ်ဗွီ အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် (HKC-CLMV Online Invest - ment Forum) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနက ဦးဆောင်၍ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် ယခုဖိုရမ်ကို မြန်မာနိုင်ငံက ဦးဆောင်ကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာဆီယံနှင့် ဟောင်ကောင်(တရုတ်) တို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင်စွမ်းရှိသည့် ဒေသများဖြစ်သည်နှင့်အညီ အခမ်းအနားမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း မဟာဗျူဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုစေပြီး CLMV အဖွဲ့ဝင်နိုင်ငံများ ပါဝင်မှုကို မြှင့်တင်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဖိုရမ်တွင် ဟောင်ကောင်(တရုတ်)၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို Video Clip များဖြင့် တင်ဆက်ပြသကြသည်။ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများမှ တာဝန်ရှိသူများကလည်း မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ Power Point Presentation များဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများအလိုက် စကားဝိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်းများကို တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ဟောင်ကောင်(တရုတ်)နှင့် CLMV အဖွဲ့ဝင်နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို စိတ်ဝင်စားစွာဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာသံရုံးများ၏ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ ကုန်သည်စက်မှုအသင်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ယခုဖိုရမ်သည် နိုင်ငံအသီးသီးမှ တက်ရောက်ကြသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးချိတ်ဆက်မှုရရှိခဲ့ကြပြီး CLMV နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်းများအကြား ချိတ်ဆက်မှုများ တိုးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၃၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဝင်ထွက်ဂိတ်များမှ အပြန်အလှန် ဝင်ထွက်ခွင့်ပြုဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဂိတ်များတွင် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင် ထွက်ဂိတ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာလိုအပ်ချက်များနှင့် သတ်မှတ်ဗီဇာ အမျိုးအစားအလိုက် နေခွင့် သက်တမ်းတိုးနိုင်ရေးအတွက် ခွင့်ပြု ဆောင်ရွက်ပေးမှုအခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်များ အသုံးပြု၍ နှစ်နိုင်ငံပြည်သူများ ကူးလူးသွားလာ လုပ်ကိုင်ဆောင်ရွက်နေမှုနှင့် ၁၉၉၇ ခုနှစ်က ချုပ်ဆိုခဲ့သည့် နှစ်နိုင်ငံ သဘောတူစာချုပ်အရ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခြေအနေ၊ မိုခါမုန်တိုင်းဒဏ် ခံရသည့် ရခိုင်ပြည်နယ်မှ ပြည်သူများကို ကူညီထောက်ပံ့ပေးရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းများတွင် တရုတ်နိုင်ငံမှ ပူးပေါင်းကူညီဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းများတွင် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်သည့် အခြေအနေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်သွယ်ညှိနှိုင်းနေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

◆ ကျောဖုံးမှ

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိရုံးမှ ထိုင်းအလုပ်အကိုင်ဌာနနှင့် အယုဒ္ဓယ နယ်မြေ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးရုံး တို့ထံ ဆက်သွယ်စုံစမ်းခဲ့ရာ အောက်ပါအတိုင်း စုံစမ်းသိရှိရသည်-

(က) Pioneer Manufacturing (Thailand) Co., Ltd သည် ကားအတွင်းပိုင်း အသုံးဆိုင်ရာ လျှပ်စစ်ပစ္စည်း အပိုထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပြီး လုပ်သားဦးရေ ၁၅၄၉ ဦးဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း၊

(ခ) စက်ရုံ၌ အမှာစာကျဆင်းမှုကြောင့် အလုပ်သမား ၄၁၆ ဦးအား ၁၉-၅-၂၀၂၃ ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့ပါကြောင်းနှင့် အလုပ်မှရပ်စဲခံရသည့် အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများ ပါဝင်ခြင်းမရှိဘဲ ထိုင်းအလုပ်သမားများသာ ဖြစ်ပါကြောင်း၊

အထက်ပါစုံစမ်းသိရှိမှုနှင့်စပ်လျဉ်း၍ တိကျမှန်ကန်စေရေးအတွက် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိသည် ၂၆-၅-၂၀၂၃ ရက်နေ့တွင် အယုဒ္ဓယခရိုင်၊ အလုပ်အကိုင်ဌာန၊ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အဆိုပါ Pioneer Manufacturing (Thailand) Co., Ltd မှ အမှာစာကျဆင်းမှုကြောင့် အလုပ်ရပ်စဲခဲ့သည့် အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများ မပါဝင်ပါကြောင်းနှင့် စက်ရုံတွင် မြန်မာအလုပ်သမားများ လုပ်ကိုင်နေခြင်းမရှိပါကြောင်း၊ ဂျပန်လူမျိုးအလုပ်သမားခေါင်းဆောင်များနှင့် ထိုင်းအလုပ်သမားများသာ စက်ရုံ၌ လုပ်ကိုင်လျက်ရှိပါကြောင်း၊ အလုပ်ရပ်စဲသည့် ထိုင်းအလုပ်သမားများအတွက် အလုပ်သမားဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ VOA Burmese Facebook လူမှုကွန်ရက်စာမျက်နှာ၌ Pioneer Manufacturing (Thailand) Co., Ltd မှ မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်းနှင့်ပတ်သက်သည့် သတင်းဖော်ပြထားမှုသည် မှန်ကန်မှုမရှိပါကြောင်း သတင်းမှန်ထုတ်ပြန်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ် (၄/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၁

နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသားလူငယ်များအနေဖြင့် အားကစားနည်းအခြေခံများကို လေ့လာလိုက်စားခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ်(၄/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းပြီး ရေကူးသင်တန်းနှင့် အခြားနွေရာသီအခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှု မြင့်မားလာစေရေးအပြင် ပြည်သူလူထုတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားလာစေရေး၊ အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်အားကစားမောင်မယ်များ ပေါ်ထွက်လာစေရေးတို့ကိုရည်ရွယ်ပြီး နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ နွေရာသီအခြေခံရေကူးသင်တန်းမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများစွာ ပေါ်ထွက်လာစေရန်နှင့် အရေးကြီးက သက်လုံကောင်းစေရန် ရည်ရွယ်ပြီး ယခုသင်တန်းအား ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊



အခြေခံရေကူးသင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ရေကူးအားကစားနည်းကို အရှိန်အဟုန်မြင့် ဆက်လက်လေ့ကျင့်သွားနိုင်ရန်အတွက် ဝဏ္ဏသိဒ္ဓိရေကူးအသင်းကို ဖွဲ့စည်းဖွင့်လှစ်ပေးထားပြီးဖြစ်၍ ရေကူးအားကစားနည်းဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မည့် ရေကူးအားကစားသမားကောင်းများ ဖြစ်အောင် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အသက် ၁၆ နှစ်အထက် အမျိုးသား အမျိုးသမီး ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို ဆုတံဆိပ်များနှင့် သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အသက် ၁၂ နှစ်အထက် အမျိုးသား အမျိုးသမီး ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများနှင့် သင်တန်းနည်းပြများထံ ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အသက် ၁၂ နှစ်အောက် အမျိုးသား အမျိုးသမီး ရေကူးပြိုင်ပွဲတွင် ဒုတိယ၊ တတိယဆု ရရှိကြသူများကို ဆုတံဆိပ်များနှင့် ပထမဆုရရှိသူများကို ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ရေကူးခွင့် (Member Card)များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့ထံ ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ မေ ၁၃ ရက်မှ ၃၁ ရက်အထိဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ထွက်ခွာ



ရန်ကုန် မေ ၃၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇွန် ၃ ရက်မှ ၉ ရက်ထိ ကျင်းပမည့်(၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်း (စင်းလုံးငှား) လေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ်တက်ရောက်မည့် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အတူ ဖိတ်ကြားခံပုဂ္ဂိုလ်လေးဦး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ငွေ၊ ကြေးစီမံခန့်ခွဲရေးဌာန ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ဦးဆောင်သော နည်းပြ/ အုပ်ချုပ်သူများ၊ ဒိုင်လူကြီးများနှင့် မသန်စွမ်းအားကစားသမားများ စုစုပေါင်း ၁၂၆ ဦး လိုက်ပါသွားကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ Goalball (မျက်မမြင်)၊ အလေးမ၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော စသည့် အားကစားနည်း ရှစ်နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ ရန်ကုန်မြို့ဆိပ်ကမ်းမှ

ONE လိုင်းမှ သုံးစင်း၊ BLPL LINE လိုင်းမှ နှစ်စင်း၊ EVERGREEN လိုင်းမှ နှစ်စင်း၊ LAND AND SEA လိုင်းမှ နှစ်စင်း၊ P.I.L လိုင်းမှ နှစ်စင်း၊ BAY LINE လိုင်းမှ တစ်စင်း၊ CMA-CGM လိုင်းမှ တစ်စင်းဖြင့် စုစုပေါင်း ၅၇ စင်း ပြေးဆွဲသွားမည်ဖြစ်သည်။

### ဆိုက်ကပ်ပြေးဆွဲသွားမည်

ရန်ကုန်မြို့ရှိ ဆိပ်ကမ်းတို့တွင် ပို့ကုန်နှင့်သွင်းကုန် နှစ်ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိရာ ပို့ကုန်ကဏ္ဍတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က လိုအပ်သောအထောက်အထား စာရွက်စာတမ်းဖြင့် ဝင်ခွင့်ပြုပြီး အကောက်ခွန်ဦးစီးဌာနက စစ်ဆေးပြီးနောက် ကုန်ပစ္စည်းတင်ပို့မှုကို ဆောင်ရွက်သည်။ သွင်းကုန်ကဏ္ဍ၌ ကုန်သင်္ဘောမှချသော ကွန်တိန်နာကုန်သေတ္တာများကို ယာယီစုပုံထားရှိပြီး Customer များကိုယ်တိုင် စာရွက်စာတမ်းဖြင့် အခွန်အခပေးဆောင်၍ ကုန်သေတ္တာများကို ထုတ်ယူနိုင်လျက်ရှိသည်။ ပို့ကုန်များဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားထွက်ကုန်များကို ရေကြောင်းဖြင့်ပို့ဆောင်ရာ၌ ဆိပ်ကမ်း အဝင်/အထွက်တွင် ကုန်စည်မြန်ဆန်စွာ ပို့ဆောင်/တင်သွင်းနိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးယန္တရားလည်ပတ်မှုကို အထောက်အကူပြုလျက်ရှိပြီး ဇွန်လပိုင်းတွင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများတွင် နိုင်ငံတကာကုန်သေတ္တာတင် သင်္ဘော ၅၇ စင်း ဆိုက်ကပ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ညီမိုးသူ (သတင်းစဉ်)

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် မေ ၃၁

၂၀၂၃ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်မေလ ၃၁ ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day) ဖြစ်ကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည့်အပြင် ရှောင်လွှဲ၍ရနိုင်သောအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုကျဆင်းရေးကို ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ် အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှစတင်၍ ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ်ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် "We need food, not tobacco" ဖြစ်ပြီး မြန်မာဘာသာဖြင့် "ဆေးလိပ်ဆေးရွက်ကြီးတို့မလို၊ စားရေရိက္ခာကိုသာလို"ဟု ပြန်ဆိုထားကြောင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သူများသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဈေးကွက်ရှာဖွေရန် ခက်ခဲလာသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပစ်မှတ်ထား ဈေးကွက်ချဲ့ထွင်လာကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးလိပ်သောက်သူဦးရေ ကျဆင်းလာသော်လည်း ဖွံ့ဖြိုးဆဲဝင်ငွေနည်းပါးသည့် နိုင်ငံများတွင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာစားခြင်းကဲ့သို့သော ဆေးရွက်ကြီးသုံးစွဲမှု အဆမတန်များပြားလာသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကွမ်းစားသူ၊ ဆေးရွက်ကြီးငုံသူ ၉၀ ရာခိုင်နှုန်းသည် အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်ကြကြောင်း။

၂၀၁၈ ခုနှစ်မှ ဆောင်ရွက်ခဲ့သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို လေ့လာသည့်သုတေသနအရ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် နှစ်စဉ် လူဦးရေ ၆၄၀၀၀ ခန့် အသက်ဆုံးရှုံးနေရပြီး စီးပွားရေးအရ နှစ်စဉ်ဆုံးရှုံးမှုတန်ဖိုးသည် မြန်မာကျပ်ငွေ ၂ ဒသမ ၆ ထရီလီယံနှင့် ညီမျှသည်ဟု တွေ့ရှိရကြောင်း။

ယခုနှစ် ဆောင်ပုဒ်တွင် မီးမောင်းထိုးပြလိုသည့် အချက်အနေဖြင့် ဆေးရွက်ကြီးအစားထိုး သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဆေးရွက်ကြီးစိုက်ပျိုးမှုကိုလျှော့ချ၍ ကမ္ဘာ့စားရေရိက္ခာ ဖူလုံစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၂၀၃၀ ၏ ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်သည့် ငတ်မွတ်ခေါင်းပါးမှုမရှိရေးကို အထောက်အကူဖြစ်စေရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် စိုက်ပျိုးသူတောင်သူများအကြား ဆေးရွက်ကြီးအစားထိုး စားပင်သီးပင်များ စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ အသိပညာမြှင့်တင်ခြင်း၊ နည်းပညာနှင့် ငွေကြေးထောက်ပံ့ခြင်း၊ ဆေးရွက်ကြီးအစားထိုးသီးနှံများအတွက် ဈေးကွက်ဖော်ဆောင်ပေးခြင်းများကို အလေးထားဆောင်ရွက်ပေးရန် နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခမ်းအနားအထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်မြို့နယ်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၃၁

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် အခြားရောဂါများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက မြို့နယ်များရှိ မြို့နယ် ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မိခင်ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာနများနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (Rapid Response Team) များ၏ ယာယီဆေးခန်းများ၌ မေ ၁၆ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၆ ရက်မှ ၃၁ ရက်အထိ ဆေးရုံ၊ ဆေးခန်းများသို့ အထွေထွေရောဂါဖြင့် လာရောက်ပြသသူ ၃၇၇၉၂ ဦး၊ ကိုယ်ဝန်ဆောင် ၄၂၂၄ ဦးနှင့် သာမန်ဝမ်းပျက် ဝမ်းလျှော ရောဂါဖြင့် လာရောက်ပြသသူ ၇၉၁ ဦး စုစုပေါင်း ၄၂၈၀၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းကျရောက်ပြီးနောက် ဖြစ်ပွားတတ်သည့် ဝမ်းပျက် ဝမ်းလျှောရောဂါ အပါအဝင် အခြားကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် မြို့နယ်များအတွင်းရှိ ရေတွင်းရေကန်ပေါင်း ၂၉၄၆ ခုတို့အား ရေသန့်စင်ဆေးခပ်ခြင်း၊ ရေသန့်စင်ဆေးပြား ၂၃၆၉၇၅ ပြား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မီဒီယာစာမျက်နှာ အချို့တွင် ရေးသားဖော်ပြသကဲ့သို့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင် အစုလိုက်ဖြစ်ပွားမှု မရှိကြောင်း၊ လာရောက်ပြသသူ ၇၉၁ ဦးကို ဆေးကုသမှုများ ပေးခဲ့၍ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း၊ ယနေ့တွင် သာမန်ဝမ်းပျက်ဝမ်းလျှော လက္ခဏာဖြင့် လာရောက်ပြသသူ ၄၄ ဦးအနက်မှ ဆေးရုံတွင် တက်ရောက်ကုသနေသူ ၁၀ ဦးသာရှိပြီး စိုးရိမ်ရအခြေအနေမရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၂၂ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၁-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၇၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၄၈,၁၆၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၈၈၉) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၇,၈၉၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၃၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဇွန် ၅ ရက်မှ ၁၀ ရက်အတွင်း လေထုမငြိမ်မသက်မှုဖြစ်ပေါ်ရာမှ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ခြေရှိသည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေထုမငြိမ်မသက်မှုကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇွန် ၅ ရက်မှ ဇွန် ၁၀ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

■

# ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် (၂) ရပ်ကွက်နေ ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော် အသက် ၅၈ နှစ် သရုပ်ဆောင်/အဆိုတော်သည် မေ ၃၀ ရက် ည ၇ နာရီခန့်တွင်မော်တော်ယာဉ်ဖြင့်အပြင်မှနေအိမ်သို့ပြန်လာစဉ်နေအိမ်တိုက်ခန်းရှေ့အရောက်၌ PDF အမည်ခံ အကြမ်းဖက် အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေါ်လီလီနိုင်ကျော်တွင် ယာနားထင်ကျည်ထိမှန်ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့အမျိုးသမီးတစ်ဦးကို အပြင်းအထန်ဒဏ်ရာရရှိသည်အထိ လူမဆန်စွာ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မ ပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီ ပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ UNITED ပရဟိတအသင်း၊ ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေး အသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၃ ရက်

၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ဒေါ်လီလီနိုင်ကျော်(တေးသံရှင်) ရန်ကုန်တိုင်းဒေသကြီးရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက်နေထိုင်သူကို မေလ ၃၀ ရက်နေ့ ည ၇ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း၏အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း စိတ်နှလုံး မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NUG၊ CRPH၊ NLD လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ငါနဲ့မတူ ငါ့ရန်သူဟု သတ်မှတ်၍ စစ်ရေးနှင့် မသက်ဆိုင်သော ပြည်သူများကို ပစ်မှတ်ထား၍ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ NUG ၊ CRPH တို့မှ အခကြေးငွေပေး၍ လုပ်ကြံစေခိုင်းခြင်းနှင့် လူသားမဆန်သော စစ်ရာဇဝတ်မှုကျူးလွန်ခြင်း လုပ်ရပ်များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

---

Myanmar Interfaith Dialogue Group

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်**

**၂၀၂၃ ခုနှစ် မေလ(၃၁)ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့တွင် ကလေးများကို ၃၈ ဖြာမင်္ဂလာ သင်တန်းပို့ချပြီး အပြင်မှ ၎င်းနေထိုင်ရာတိုက်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း၏အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း သိရှိရသည်။

၂။ အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်သည့် အရပ်သားပြည်သူလူထုကို လက်နက်ကိုင်ဆောင်၍ ရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

---

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်

ALL MYANMAR HINDU CENTRAL COUNCIL

No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.

Tel : 01-8245648 E-mail : amhcc201902@gmail.com

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

---

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ် ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)

No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.

Tel. 01 296323, 01 298962, 01 299241

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

(၃၁-၅-၂၀၂၃)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံး မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

---

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

PINNAYGONE YAKHINE JAAME MOSQUE

No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ မှ သဘောထားထုတ်ပြန်ချက်

(၃၁.၅.၂၀၂၃)

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၃၁-၅-၂၀၂၃)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

### သဘောထားထုတ်ပြန်ချက် (၄/၂၀၂၃)

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့

၁။ ယခုမျက်မှောက်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသော ပြည်လုံးကျွတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပြီး ဒီမိုကရေစီနည်းကျ အနိုင်ရရှိသည့် ပါတီကို နိုင်ငံတော်အာဏာ လွှဲပြောင်းပေးရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေချိန်ဖြစ်ပါသည်။

၂။ ထိုသို့ဆောင်ရွက်နေမှုများကို ဒီမိုကရေစီလိုလားသည့် တည်ငြိမ်အေးချမ်းမှုကို မြတ်နိုးတန်ဖိုးထားသည့် ပြည်သူများကလည်း လိုလိုလားလား ထောက်ခံအားပေးကူညီမှုများ ပြုလုပ်နေသည်ကို တွေ့မြင်နေရပါသည်။

၃။ ယင်းအခြေအနေများကို မနှစ်မြို့ဘဲ ဒီမိုကရေစီလမ်းကြောင်းကို မလိုလားသည့် အကြမ်းဖက်အဖွဲ့အစည်းများက ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ကူညီထောက်ခံအားပေးနေသည့် ပြည်သူများအား အကြောင်းမဲ့ လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်မှုများ မကြာခဏ ပြုလုပ်နေမှုများကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါသည်။

၄။ စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်နေသည့် အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

### သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၁၉:၀၀ နာရီအချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏

### သဘောထားထုတ်ပြန်ချက်

### ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၁၉:၀၀ နာရီအချိန်ခန့် က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

မေလ (၃၀)ရက်နေ့ ည(၇)နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ အဆိုတော် ဒေါ်လီလီနိုင်စိုး(ခ)ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည့် ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အနေဖြင့် လွန်စွာစိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်လုပ်ရပ်များအား လက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်(၁၂)ရပ်ကိုချမှတ်ကာ နိုင်ငံတော်နှင့်ပြည်သူ၏အကျိုးကို စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်လျက်ရှိပါသည်။

၂။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထုအလွှာအသီးသီးမှ အသိပညာရှင်များ၊ အတတ်ပညာရှင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြပါမှ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် အကြမ်းဖက်သမားများနှင့် မသမာသူအချို့က နိုင်ငံတော်ကို ဝိုင်းဝန်းကူညီနေကြသော စစ်ရေးနှင့်မသက်ဆိုင်သူများကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံပစ်ခတ်ခံရမှုကြောင့် သေဆုံးမှုနှင့် ပြင်းထန်စွာဒဏ်ရာရရှိမှုများအပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

UNITED ပရဟိတအသင်း
Penthouse Level, 351, 354, Kan Taung Quarter,
Theinphyu Road, Mingalartaung Nyunt Tsp., Yangon.
Tel : 09-945155855

## UNITED ပရဟိတအသင်း သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ UNITED ပရဟိတအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**UNITED ပရဟိတအသင်း**

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း
E-mail: bmrdamm@gmai.com Web Site : www.bmrdamm.org

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

### (၃၁ - ၅ - ၂၀၂၃)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ **ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ** လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း**

# ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထား ရှိရာ မေ ၃၀ ရက်တွင် ချင်းပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဟားခါးမြို့၊ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးမင်းနိုင်တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများ က မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ မှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးမင်းနိုင်တို့က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် အမှာစကားပြောကြားစဉ်။

အလားတူ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် တာဝန်ရှိသူများ နှင့်အတူ ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မိုခါ မုန်တိုင်းဒဏ် ကြောင့် ပျက်စီးခဲ့သည့် ဆုံးရှုံးမှုတန်ဖိုးအား နောက်ဆုံး စာရင်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ကျောက်ဖြူ မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးစာရင်းနှင့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ သို့ အချိန်မီတင်ပြသွားရန်လိုကြောင်း မှာကြားသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးအေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူ ရေးရာဦးစီးဌာန၏ ဂိုဒေါင်၌ ထောက်ပံ့ပစ္စည်းများ ရောက်ရှိ သိုလှောင်ထားရှိမှုအခြေအနေများ၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ပညာရေးအဆောက်အအုံများ၊ လူနေအိမ် အဆောက် အအုံများ၊ ကျွဲ/ နွား သေဆုံးမှုစာရင်းများ၊ ကယ်ဆယ် ရေးပစ္စည်းရောက်ရှိ ဖြန့်ဝေမှုအခြေအနေများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး တွက်ချက်ရေးကော်မတီ (အင်ဂျင်နီယာအဖွဲ့)၏ တွက်ချက်တင်ပြမှုစာရင်း များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား ခဲ့သည်။

အလားတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိ နေသည့် ဗိုလ်မှူးချုပ် ခင်မောင်အေးသည် တာဝန်ရှိ သူများနှင့်အတူ ယနေ့တွင် မတူပီမြို့ရှိ လေဘေးသင့် ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆားနှင့် စားသောက် ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ မြောက်ဦးခရိုင် မြေပုံမြို့သို့ ရောက်ရှိ နေသည့် ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူ များနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေး ပြန်လည်ထူထောင်ရေးအဖွဲ့နှင့် အလှူ ရှင်များထောက်ပံ့သည့် စားရေရိက္ခာပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ ခွဲဝေထောက်ပံ့ပေးမှုနှင့် ဖြန့်ဝေမှုများအား ပြည်သူများ လက်ဝယ်သို့ မြန်ဆန် စွာရောက်ရှိရေး ရှင်းလင်းဆွေးနွေးပြီး လေဘေးသင့် ပြည်သူများအတွက် Family Kit ၁၅၀ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့ရှိ မုန်တိုင်းသင့်ပြည်သူများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် မေ ၃၁

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် မြောက်ဦး မြို့နယ်အတွင်းရှိ မုန်တိုင်းသင့်ပြည်သူများနှင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း များ ဆောင်ရွက်နေသည့် နယ်မြေခံတပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ ဌာနဆိုင်ရာဝန်ထမ်းများထံသို့ တာဝန်ရှိသူများ က ယနေ့တွင် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာ များ အသင်းချုပ်(MLCA)နှင့် အလှူရှင်များက စုပေါင်း လှူဒါန်းမှုဖြင့် ချက်ပြုတ်ပေးပို့လှူဒါန်းသည့် ဒံပေါက် ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်လှူဒါန်းနေမှုများကို ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပေးပြီး ရင်းရင်း နှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြား သည်။ ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြောက်ဦးမြို့ရှိ လူစည်ကားရာ နေရာများ၌ ဒေသခံ ပြည်သူများအား ဒံပေါက်ထမင်းဘူးများ လက်ဝယ် အရောက် ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် ချက်ပြုတ်ပြင်ဆင် ပေးပို့လှူဒါန်းလျက် ရှိသည့်နေရာများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ပြင်ဆင်ထုပ်ပိုးရေး၊ ဆန်၊ ကုန်ခြောက်နှင့် ကုန်စိမ်းသီးနှံများ စနစ်တကျ



သိုလှောင်ထားရှိမှုများ၊ သောက်သုံးရေ အဆင်ပြေ စေရန်နှင့် လိုအပ်သည့်စားကုန်ပစ္စည်းများ သယ်ယူ ပို့ဆောင်ပေးရန်အတွက် စစ်တွေတပ်နယ်မှ မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် သစ်တောဦးစီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို မေ ၃၀ ရက် နံနက်ပိုင်းက အမက(မြို့သစ်)ကျောင်းဝင်းအတွင်း ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက မန်ဂျန်ရှားပင် ၁၅၀၊ မဟော်ဂနီပင် ၁၀၀၊ ယူကလစ် ပင် ၅၀၊ ခရေပင် ၅၀နှင့် စိန်ပန်းပင် ၅၀ တို့အား စိုက်ပျိုးကြစဉ်။

ခရိုင်(ပြန်/ဆက်)

ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း (မိုးညှင်း)၌ မြို့နယ်သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် မိုးရာသီ အကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၃၁ ရက်က ကျင်းပရာ ခရိုင်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ အစိုးရစက်မှုလက်မှု သိပ္ပံ ကျောင်း (မိုးညှင်း)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ ခရေပင် ၅၀၊ မျောက်ငိုပင် ၅၀၊ မန်ဂျန်ရှားပင် ၅၀ နှင့် ကံ့ကော်ပင် ၅၀ စုစုပေါင်း ပျိုးပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။

ခရိုင်(ပြန်/ဆက်)



## ○ MNL ပြိုင်ပွဲမှ

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရတနာပုံ အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ MNL စတင်ကတည်းက အစဉ် အလာရှိသည့်ပြိုင်ဘက်များဖြစ်ခဲ့သည့် ရန်ကုန်အသင်းနှင့် ရတနာပုံ အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုတွင် ရန်ကုန်အသင်းက ဂိုးပြတ်အနိုင် ရပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်ကို ဆက်လက်ဖိအားပေးနိုင်ခဲ့ သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက GFA အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုနိုင်ပွဲမှာ ဧရာဝတီအသင်း အတွက် ပထမဆုံးနိုင်ပွဲဖြစ်ပြီး ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခဲ့သည်။ ဧရာဝတီအသင်းအတွက် ဂိုးများကို ၂၂ မိနစ်တွင် ရာဇာအောင်၊ ၄၄ မိနစ်တွင် ညီညီအောင်၊ ၅၂ မိနစ်တွင် သီဟနှင့် ၈၉ မိနစ်တွင် ဝင်းဌေးတို့ က သွင်းယူပြီး GFA အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၇ မိနစ်တွင် ဇော်လင်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၇) ဒုတိယနေ့အဖြစ် ဇွန် ၁ ရက် တွင် သုဝဏ္ဏကွင်း၌ မဟာ ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ YUSC ကွင်း၌ မြဝတီနှင့် ကချင်ယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ –MFF**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများ ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်



နေပြည်တော် မေ ၃၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြောက်ဦးတပ်နယ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ကာ(ယာပုံ) တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမနှင့် ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးတို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ မေဃဝတီခန်းမနှင့် ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးတို့၌ လည်းကောင်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စတီးချိုင့်များ ထောက်ပံ့ပေးအပ်ခြင်းများကို ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် သက်ဆိုင်ရာတိုင်းမှူးများက အဖွင့်အမှာစကားများပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စတီးချိုင့်များ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

၎င်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗဟန်းမြို့နယ်၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၏ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အထက(၁) ဗဟန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ကမာရွတ်ခရိုင်ပညာရေးမှူး ဒေါက်တာစုစုလှိုင်က KG တန်းမှ Grade-12 အထိ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သည့် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံစသည်တို့အပြင် မူလတန်းကလေးများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးနေသည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟန်းမြို့နယ်အတွင်းရှိ အခြေခံပညာနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့သော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံနှင့် ဝတ်စုံများကို တာဝန်ရှိသူများက သက်ဆိုင်ရာတာဝန်ခံ ကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## လက်ပံတန်းမြို့၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

လက်ပံတန်း မေ ၃၁

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ မေ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းလှိုင်တို့က အမှာစကားများ ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးက ကျောင်းအပ်နှံရေး ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနက ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့သော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများကို တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး ဆရာမကြီးများကို ပေးအပ်ကြကြောင်း သိရသည်။

**အောင်ဆင့်(လက်ပံတန်း)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၈၀ | ၁၉၆၀ | ၂၀၆၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၅ | ၂၇၀၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၀ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၀ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၀ | ၂၃၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၄၀ | ၁၈၉၀ | ၁၈၈၅ | ၁၈၅၀ | ၁၈၉၀ | ၁၉၁၀ | ၁၉၀၅ | ၁၈၇၅ | ၁၉၉၅ | ၁၉၉၀ | ၁၈၈၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၂၅ | ၁၉၃၀ | ၂၁၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၄ | ၁၈၉၄ |
| 95 Ron | ၁၉၂၇ | ၁၉၉၉ |
| HSD (500 ppm) | ၁၇၄၅ | ၁၈၀၉ |
| HSD (50 ppm) | ၁၈၁၉ | ၁၈၈၅ |
| HSD (10 ppm) | ၁၈၁၉ | ၁၈၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## တီးတိန်မြို့၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

တီးတိန် မေ ၃၁

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို သီဆိုကြပြီး တီးတိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားခဲ့ကာ ခရိုင်ပညာရေးမှူးက ကျောင်းအပ်နှံရေးအခမ်းအနား ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်၊ ခဲတံ၊ ဗလာစာအုပ်များနှင့်ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှိုင်မြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

လှိုင် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပညာရေးမှူးရုံး လှိုင်ပညာခန်းမ၌ ကျင်းပသည်

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သီတာဝင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ နိုင်ငံတော်က အခြေခံပညာကျောင်းများသို့အခမဲ့ပေးအပ်သော ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများ အစရှိသည်တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အင်းစိန်မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရေဝတီခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနေသွေးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါက်တာသင်းမာလာက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်မှအခမဲ့ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များနှင့် ခဲတံ၊ ဘောပင်များ စသည်တို့ကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

# ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်ပြန်လည်တူးဖော်ခြင်းနှင့် ရေလယ်ဘုရားကျောင်းဆောင် မင်္ဂလာပန္နက်တော်တင်အခမ်းအနား ကျင်းပ



နေပြည်တော် မေ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်ပြန်လည် တူးဖော်ခြင်းနှင့် ရေလယ်ဘုရားကျောင်းဆောင် မင်္ဂလာပန္နက်တော်တင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ကန်နားကျောင်းတိုက်ဆရာတော် ဦးဣန္ဒကမထေရ်မြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ကန်နားကျောင်းတိုက် ဆရာတော် ဦးဣန္ဒကမထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တက်ရောက်လာသည့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ဦးဣန္ဒက မထေရ်မြတ်ထံမှ အနုမောဒနာ တရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရေလယ်ဘုရားကျောင်းဆောင် မင်္ဂလာပန္နက်တော်တင်အခမ်းအနားကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန် ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူ ကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် ပန္နက်တော်များအား ကိုးချက်စီရိုက်၍ ပန္နက်တော် တင်မင်္ဂလာပြုလုပ်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကန်တော် မင်္ဂလာရှမ်းကန် အဆင့်မြှင့်ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းဆောင်(စကျော့) လျှပ်စစ်မီးဖွင့်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်



ပုသိမ် မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း ဆောင်(စကျော့) လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လျှပ်စစ်မီး အား ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကာ စိုက်ပျိုး ရေးနှင့်မွေးမြူရေး အထက်တန်းကျောင်း တက်ရောက် မည့် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သည့် ကျောင်းသုံးပုံနှိပ် စာအုပ်များအား ကျောင်းသား ကျောင်းသူများထံသို့ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်တုန်းမြို့နယ် မြန်မာကရင်ကျေးရွာ အခြေခံ ပညာမူလတန်းကျောင်း ခနရောကျောင်းဆောင် ပေ(၉၀ x ၃၀)RC တစ်ထပ် အဆောက်အအုံကို လည်းကောင်း၊ မအူပင်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း (အနောက်ပိုင်း) ပေ(၉၀ x ၃၀) Steel Structure တစ်ထပ်ကျောင်းဆောင်ကို လည်းကောင်း တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ဆူးကဏန်းကျေးရွာ တောင်သူဦးတင်နွယ်ဦး၏ စိုက်ကေ ၃ ဒသမ ၅ ဧက၌ ပြုလုပ်သည့် ၂၀၂၃–၂၀၂၄ ခုနှစ် မိုးစပါးတစ်ဧက ၁၀၀ တင်းနှုန်း တိုးတက်ထွက်ရှိ ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲသို့ တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# “ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၃၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ဟာသမြို့တော် ” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏




MRTV–HD Channel မှ အပတ်စဉ် စနေနေ့ တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

“ ဟာသမြို့တော် ” ရယ်စရာ စင်တင် ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့က စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဦးတိမ်ညွန့်၊ ဦးဥညြ၊ ဟာသမယ်မတူး၊ ရွှေယမင်း၊ သံစဉ်ကိုနှင့် ဟာသပညာရှင်များ ပါဝင်ဖျော်ဖြေတင်ဆက် ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် “တိုက်တိုက် ဆိုင်ဆိုင်” ခေါင်းစဉ်ဖြင့် ဖျော်ဖြေတင်ဆက် မည်ဖြစ်ရာ MRTV–HD Channel မှ ၂၀၂၃ ခုနှစ် ဇွန် ၃ ရက် (စနေနေ့) ည ၈ နာရီ သတင်း များအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဇွန် ၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စစ်တွေထပ်ဆင့်လွှင့်စက်ရုံတွင် မီတာ (၃၀) တာဝါတိုင် အစားထိုးစိုက်ထူ၍ ရုပ်သံနှင့် FM ရေဒီယိုများ ပြန်လည်ထုတ်လွှင့်

**စစ်တွေ မေ ၃၁**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မေ ၁၄ ရက်က ပြိုလဲပျက်စီးခဲ့သော ပြန်ကြား ရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စစ်တွေထပ်ဆင့် လွှင့်စက်ရုံတွင် မီတာ ၁၀၀ တာဝါတိုင် ပြိုလဲပျက်စီးခဲ့မှုနှင့် အတူ ရုပ်သံ (TV) နှင့် FM ရေဒီယို များ ထုတ်လွှင့်မှုရပ်ဆိုင်းခဲ့ရာမှ မေ ၃၀ ရက် ညနေ ၆ နာရီမှစတင်၍ မူလလိုင်းနှုန်းများအတိုင်း ပြန်လည် ထုတ်လွှင့်နိုင်ပြီ ဖြစ်သည်။

အဆိုပါ စက်ရုံတွင် မီတာ ၁၀၀ တာဝါတိုင်ပြိုလဲမှုအပြင် စက်ရုံ အဆောက်အအုံနှင့် ဝန်ထမ်း အိမ်ရာအမိုးများ ထိခိုက်ပျက်စီး ခဲ့ရာ တာဝန်ရှိသူများ၏ စီစဉ် ဆောင်ရွက်မှုဖြင့် ပြိုလဲပျက်စီးခဲ့ သော မီတာ ၁၀၀ တာဝါတိုင်အား ဖြုတ်သိမ်းရှင်းလင်းမှုနှင့် အတူ မီတာ ၃၀ တာဝါတိုင် အစားထိုး စိုက်ထူပြီး DVB–T2 နှင့် FM ရေဒီယို အင်တာနာများ တပ်ဆင်ခြင်း၊ TVRO စလောင်းများ ပြန်လည် တပ်ဆင်ခြင်း၊ ယာယီလွှင့်စက်များ ပြောင်းလဲ တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး စမ်းသပ်ထုတ်လွှင့် မှုများ ပြုလုပ်၍ မေ ၃၀ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီထိ မီးစက်အသုံးပြု၍ စတင်ထုတ်လွှင့် ခြင်းဖြစ်ကြောင်းနှင့် လျှပ်စစ် ဓာတ်အားရရှိမှုအလိုက် ထုတ်လွှင့် ချိန် တိုးမြှင့်ဆောင်ရွက်မည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# Guangdong and Macao Branded Products Fair 2023 သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

နေပြည်တော် မေ ၃၁

မကာအိုအထူးအုပ်ချုပ်ရေးဒေသ မကာအိုမြို့ရှိ Galaxy International Convention Center ၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် (၁၅)ကြိမ်မြောက် မကာအိုနှင့် ကွမ်တုံဒေသ ကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲ - ၂၀၂၃ ( 15th Guangdong and Macao Branded Products Fair 2023 – GMBPF) သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲ၌ မြန်မာ့စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်ကုန်များ၊ အိမ်သုံးပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာနှင့် အခြားကုန်စည်များအား လာရောက်ပြသနိုင်သည်။

၂၀၂၃ ခုနှစ် GMBPF ပြပွဲ၏ မြန်မာနိုင်ငံဆိုင်ရာပြခန်းတွင် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်းပေါင်း ၂၀ ရရှိမည်ဖြစ်ကြောင်း၊ ပြခန်းတစ်ခန်းအတွက် မကာအိုဒေါ်လာ ၁၄၀၀၀ (အမေရိကန်ဒေါ်လာ ၁၇၄၄ ဒသမ ၄၅) ကို ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပါဝင်ပြသသူ တစ်ဦးလျှင် ပြခန်းတစ်ခန်း ရရှိမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုထားသော ပြခန်းတစ်ခန်းစီအတွက် လာရောက်ပြသမည့် ကုန်စည်များတင်ပို့ရန် (အပြန်သယ်ယူပို့ဆောင်စရိတ်မပါ) မကာအိုဒေါ်လာ ၃၀၀၀ ထောက်ပံ့မည်ဖြစ်သည်။

ပြပွဲလာရောက်သူများအတွက် သတ်မှတ်ထားသည့် ဟိုတယ်များတွင် ငါးညတာ တည်းခိုနေထိုင်ရန်နှင့် သတ်မှတ်ဟိုတယ်နှင့် ပြပွဲခန်းမ အကြားသွားရောက်ရန် မော်တော်ယာဉ် စီစဉ်ပေးထားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။



# ကသာခရိုင်ဒေသထွက် လိုင်ချီးသီးများ မြို့နယ်အသီးသီးသို့ တင်ပို့

ကသာ မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် လိုင်ချီးသီးများကို တစ်ပိုင်တစ်နိုင်အဖြစ် အိမ်ဝင်းခြံစည်းရိုးများတွင် စိုက်ပျိုးသကဲ့သို့ ဥယျာဉ်ခြံများဖြင့်လည်း စိုက်ပျိုးကြသည်။ လိုင်ချီးသီးများသည် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဖူးပွင့်ကြပြီး မေလနှင့် ဇွန်လတွင် ရင့်မှည့်ကြရာ ရာသီပေါ်လိုင်ချီးသီးများကို ရိုးတံအညှာပါအောင်ခူးဆွတ်ပြီး အလုံးအကြီး/ အသေး ၂၅ လုံးမှ အလုံး ၃၀ ခန့်ပါ တစ်စည်းလျှင် ကျပ် ၅၀၀ ဖြင့် ဈေးကွက်တွင်း ရောင်းချကြသည်။

ကသာမြို့နယ်ထွက် လိုင်ချီးသီးများကို ကုန်သည်များမှ အဝယ်ဒိုင်ဖွင့်လှစ်ဝယ်ယူလျက်ရှိပြီး အတွဲ ၁၀၀ ပါခြင်းများဖြင့် မြို့နယ်အသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိပြီး မေလတတိယပတ်မှစ၍ လိုင်ချီးသီးခြင်းပေါင်း ၈၀ မှ ၁၀၀ ကြား နေ့စဉ်တင်ပို့မှုရှိကြောင်း၊ လိုင်ချီးသီးများကို ကသာခရိုင်အတွင်းရှိ မြို့နယ်များသို့ အများအပြား တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ရွှေဘို၊ ရေဦး၊ ခင်ဦးမြို့များသို့ တင်ပို့မှုများပြားကြောင်း သိရသည်။

**သတင်းအရင်းအမြစ်- စီးပွား/ကူးသန်း**

# ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

နေပြည်တော် မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ မေလစတုတ္ထပတ်တွင် စပါး/ဆန်ဈေးနှုန်းများ တည်ငြိမ်နေပြီး အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ မေလတတိယပတ်တွင် ရန်ကုန်သို့အိတ်ရေ ၂၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၃၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၉၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၇၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၇၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၈၃၅၀၀ တန်အားဖြင့် ၄၁၇၅ တန် စီးထွက်ခဲ့သည်။

ယခုပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၂၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၃၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၁၀၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၈၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၈၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၈၂၅၀၀၊ တန်အားဖြင့် ၄၁၂၅ တန် စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့်နှိုင်းယှဉ်လျှင် ယခုပတ်အတွင်း အိတ်ရေ ၁၀၀၀၊ တန်အားဖြင့် တန် ၅၀ လျော့နည်းစီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ မေလစတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၈၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၉၅၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

# ဟိုင်နန်အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ အစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ ပါဝင်ပြသနိုင်

နေပြည်တော် မေ ၃၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် Hainan International Convention and Exhibition Center ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ပထမအကြိမ် ကျင်းပမည့် ဟိုင်နန်အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ အစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲ၌ နိုင်ငံတကာအဆင့်မီ ပြခန်းပေါင်း ၂၅၀၀ ပါဝင်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ ဒေသထွက်စားသောက်ကုန်များ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် မေ ၃၁**

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် အများဆုံးပို့ကုန်ပစ္စည်းများမှာ ပြောင်း၊ ကြက်သွန်ဖြူ၊ ကြေးနီ၊ ကတ္တူစက္ကူ၊ ရော်ဘာ၊ ဆီးသီးစေ့၊ သစ်ခေါက်ဖြစ်ပြီး ယင်းပစ္စည်းများအနက် ပြောင်းနှင့် ပုစွန်ဖွဲများ ပိုမိုတင်ပို့လျက်ရှိသည်။ ပြောင်းသီးနှံအား ရှမ်းပြည်နယ် (တောင်ပိုင်း)မှ သယ်ယူတင်ပို့လျက်ရှိရာ ယခုသီတင်းပတ်တွင် ပြောင်းဈေးမှာ တစ်တန်လျှင် ကျပ် ၉၇၃၂၅၀ ဖြင့် တန်ချိန် ၇၀၀၀ ဒသမ ၀၄၂ တန်နှင့် ကြက်သွန်ဖြူတစ်တန်လျှင် ဈေးနှုန်းမှာ ကျပ် ၄၂၅၀၀၀၀ ဖြင့် တန်ချိန် ၉၉ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်ပစ္စည်းများမှာ စက်သုံးဆီ၊ ဘိလပ်မြေ၊ အုတ်၊ သံနှင့်သံမဏိ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ကာဗွန်ပုံဆောင်ခဲ၊ ကွန်ကရစ်အမိုး၊ ကြွေပြား၊ ကွန်ကရစ်အပြား၊ သွပ်ပြားတို့ဖြစ်ပြီး ယင်းပစ္စည်းများအနက် စက်သုံးဆီ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်သွင်းလျက်ရှိသည်။ ဘိလပ်မြေကို ယခုသီတင်းပတ်တွင် တစ်တန်ဈေးနှုန်း ကျပ် ၂၂၀၀၀၀ ဖြင့် ၅၈၇၃ တန်ချိန် တင်သွင်းခဲ့သည်။

## ၃၁-၅-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၃၀၀ | ၆၀၀ | ၈၀၀၀ | ၅၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၈၈၀၀ | ၃၄၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၂၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၀၀၀ | ၂၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၁၆၈၀၀ | ၈၈၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၅၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၇၀၀ | ၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၉ | မြိတ် | ၂၈၅၀ | | ၁၇၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၆၄၀၀ | ၇၃၀၀ | ၄၃၀၀ | ၆၂၀၀ | ၇၅၀ | ၇၈၀၀ | ၅၇၀၀ | ၄၄၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၄၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၆၅၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၃၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | | ၁၂၅၀၀ | ၆၄၅၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀ | ၇၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၁၇၅၀ | ၁၃၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၁၉၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၁၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၈၀၀ | ၅၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၇၅၀၀ | | ၂၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၄၀၀ | ၃၅၀၀ | ၂၂၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၈၀၀ | ၅၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၁၄၅၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၄၀၀ | ၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၅၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ရန်ကုန်နှင့် စစ်တွေတွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လွိုင်ကော်နှင့် ဟားခါးတွင် ၂၀၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပြည်တွင် ၃၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မော်လမြိုင်နှင့် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ထားဝယ်တွင် ၂၀၀၀ကျပ်၊ ရန်ကုန်တွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပြည်တွင် ၂၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။
(၂) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်နှင့် မန္တလေးတွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ဖိလစ်ပိုင်နိုင်ငံ၌ အင်တာနက်မှ ငွေကြေးလိမ်လည်မှုများတွင် ဝင်ရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများကို ကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့

**နေပြည်တော် မေ ၃၁**

ဖိလစ်ပိုင်နိုင်ငံ ပမ်ပန်ဂါပြည်နယ် မာဘာလာကတ်မြို့ရှိ Clark Sun Valley Hub တွင် ပြုလုပ်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ဖိလစ်ပိုင်ရဲအဖွဲ့မှ စစ်ဆင်ရေးပြုလုပ်ကာ ကယ်ထုတ်ခဲ့ရာတွင် နိုင်ငံပေါင်းစုံမှ နိုင်ငံသား ၁,၀၉၀ ဦးခန့် တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံသားလူငယ်များ ၃၉ ဦး ပါဝင်ခဲ့သည့်သတင်းကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်စာဖြင့် မြန်မာသံရုံးသို့ မေ ၅ ရက်တွင် အကြောင်းကြားခဲ့သည်။

အထက်ပါမြန်မာနိုင်ငံသားများ ပါဝင်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာသံရုံးယာယီတာဝန်ခံနှင့် ကောင်စစ်အရာရှိတို့မှ သွားရောက်တွေ့ဆုံခဲ့ရာ အင်တာနက်ငွေကြေးလိမ်လည်မှု (Online Scam) တွင် လူကုန်ကူးခံရ၍ ကယ်တင်ခံထားရသည့် မြန်မာနိုင်ငံသား ၃၉ ဦးနှင့်တွေ့ဆုံစိစစ်မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသား ၃၉ ဦးအနက် ပထမအသုတ်အဖြစ် ၂၀ ဦးသည် မြန်မာနိုင်ငံသံရုံး၏ စီစဉ်ပေးမှုဖြင့် ၂၀၂၃ ခုနှစ် မေလ ၂၈ ရက်နေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကြိုဆို၍ လိုအပ်သည်များစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်မှုနှင့် လူကုန်ကူးခံရသည့်အခြေအနေများကို စိစစ်မေးမြန်း၍ သိရှိရသည်မှာ-

(က) ပထမအသုတ်ရောက်ရှိလာသူ ၂၀ ဦးတွင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၁၅ ဦးတို့ဖြစ်ပြီး ၎င်းတို့အားလုံးသည် အသက် ၂၂ နှစ်မှ ၃၃ နှစ်အကြားရှိ လူငယ်များဖြစ်ကြောင်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်စွာ တတ်မြောက်သူများဖြစ်ကြောင်း

( ခ ) အဆိုပါမြန်မာလူငယ် ၂၀ ဦးသည် Facebook တွင် ကြော်ငြာထားသည့် Leap Group Co., Ltd. နှင့် Colorful Group Co.,Ltd. တို့၏ Website မှ တစ်လလျှင် လစာ ပီဆို ၃၀,၀၀၀ မှ ၇၀,၀၀၀ အထိလည်းကောင်း၊ တရုတ်ယွမ်ငွေ ၄,၀၀၀ မှ ၈,၀၀၀ အထိ လည်းကောင်း၊ အရည်အချင်းအပေါ်မူတည်၍ ရရှိမည်ဟု အလုပ်ခေါ်ယူသည့် ကြော်ငြာစာများတွေ့ရှိသဖြင့် Online မှ လျှောက်ထားခဲ့ကြောင်း၊ Online Interview ဖြင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုကို စစ်ဆေးခံရပြီး အောင်မြင်သဖြင့် အလုပ်ခေါ်စာနှင့် လေယာဉ်လက်မှတ်ကို Online မှပေးပို့သဖြင့် ရရှိခဲ့ကြကြောင်း

( ဂ ) ၎င်းတို့ရရှိသည့် လေယာဉ်လက်မှတ်ဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့ရာ လေဆိပ်တွင် အမည်မသိသူများမှ လာရောက်ကြိုဆိုပြီး Clark Angeles မြို့ရှိ ကုမ္ပဏီရုံးဝင်းသို့ ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီဝင်းတွင် စားသောက်ရန်နှင့် နေထိုင်ရန်နေရာပေးထားကြောင်း၊ ၂/ ၃ ရက်ခန့် စမတ်ဖုန်းနှင့် ကွန်ပျူတာတို့မှ Online အသုံးပြုလိမ်လည်သည့် နည်းလမ်းများကို သင်ကြားပေးကြောင်း

(ဃ) ထို့နောက် ကွန်ပျူတာနှင့် စမတ်ဖုန်းများအသုံးပြုကာ အင်တာနက်မှ ဆက်သွယ်ရှာဖွေ၍ ချိတ်ဆက်လာသူများကို ဆွဲဆောင်စည်းရုံး၍ လောင်းကစားပြုလုပ်ရန်နှင့် ငွေကြေးလိမ်လည်သည့် နည်းစနစ်များအတိုင်း အလုပ်လုပ်ရကြောင်း၊ အလုပ်ချိန်မှာ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ၁၂ နာရီလုပ်ကိုင်ရကြောင်း၊ Online မှလိမ်လည်စည်းရုံးခေါ်ယူသည့်လူမရလျှင် အချိန်ပို ၂ နာရီမှ ၃ နာရီအထိ နေ့စဉ်ထပ်မံ အလုပ်ဆင်းရကြောင်း

( င ) လုပ်ခလစာကို ပထမလတွင် သတ်မှတ်ထားသည့်အတိုင်း ရှင်းပေးသော်လည်း နောက်လများတွင် သတ်မှတ်ထားသည့် စည်းကမ်းများမလိုက်နာခြင်း၊ အလုပ်တာဝန်ပျက်ကွက်ခြင်း၊ Online လိမ်လည်သည့်အလုပ်မှ လူမရခြင်းတို့အပေါ်မူတည်၍ ငွေကြေးဖြတ်တောက်မှုများ ပြုလုပ်ကြောင်း၊ အချို့မှာ လစာလုံးဝမရရှိကြောင်း

( စ ) ၎င်းတို့ကုမ္ပဏီတွင် Online လိမ်လည်သည့်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်နေသူ ၁,၀၀၀ ကျော်ခန့်ရှိကြောင်း၊ ရက်သတ္တ တစ်ပတ်လျှင် ၁ ရက်သာ အလုပ်နားခွင့်ပေးပြီး အပြင်ထွက်လိုလျှင် ကြိုတင်တင်ပြရပြီး ခွင့်ပြုမှသွားလာခွင့်ရှိကြောင်း

(ဆ) နေ့စဉ်နိုင်ငံတကာမှ အင်တာနက်မှဆက်သွယ်လာသည့် အလုပ်အကိုင်ရှာဖွေသူများ၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေးကိစ္စများတွင် ဆွဲဆောင်စည်းရုံး၍ လိမ်ညာပြီး ငွေကြေးရယူခြင်း၊ ဘဏ်အကောင့်များမှ လိမ်လည်လွှဲပြောင်းရယူခြင်းတို့ကို ဆောင်ရွက်ရကြောင်း

အထက်ဖော်ပြပါ Online မှ ငွေကြေးလိမ်လည်ရယူမှုများကို အာရှဒေသရှိ နိုင်ငံအများစုတွင် ကျူးလွန်လျက်ရှိကြောင်း၊ Facebook, Twitter, Instragram တို့တွင် ကုမ္ပဏီကြီးများ ဟန်ဆောင်၍ ကြော်ငြာများဖြင့် လစာကောင်းကောင်းပေးမည်ဟု ဆွဲဆောင်ကာ လူသစ်များခေါ်ယူခြင်း၊ လုပ်ငန်းခွင်သို့ ရောက်ရှိသည့်အခါ သတ်မှတ်လစာနှုန်းထားမပေးတော့ဘဲ တစ်ရက်လျှင် ၁၄ နာရီခန့် အလုပ်စေခိုင်းပြီး အကျပ်ကိုင်ခြိမ်းခြောက်မှုများပြုလုပ်ကြောင်း၊ ဘဏ်ကတ်နှင့် ဘဏ်အကောင့်များမှ လိမ်လည်၍ ငွေထုတ်ယူခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် မိဘပြည်သူများအနေဖြင့် လူပုဂ္ဂိုလ်/ ကုမ္ပဏီအား သိရှိခြင်းမရှိဘဲ ဆက်သွယ်လာမှုများကို ယုံကြည်မှုမရှိကြပါရန်နှင့် အမျိုးသမီးငယ်များအနေဖြင့် အလုပ်လျှောက်ထားရာတွင် အလုပ်ခေါ်ယူသည့် ကုမ္ပဏီများနှင့်ပတ်သက်၍ မှန်ကန်မှု၊ ခိုင်မာမှု ရှိ/ မရှိကို နားလည်တတ်ကျွမ်းသူများ၊ အတွေ့အကြုံရှိသူများထံ မေးမြန်းစိစစ်ပြီး သေချာမှ သွားရောက်လုပ်ကိုင်သင့်ပါသည်။ ကုမ္ပဏီအတုအယောင်များဖြင့် Online လိမ်လည်သည့်လုပ်ငန်းများစွာ ရှိနေသဖြင့် အဆိုပါ Online လိမ်လည်မှုများတွင် ဖမ်းဆီးခံရပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားရုံးပြစ်ဒဏ်ချမှတ်ခြင်းများ ခံရမည်ဖြစ်သည်။

ယခု ဖိလစ်ပိုင်နိုင်ငံမှ စစ်ဆင်ရေးပြုလုပ်၍ ဖမ်းဆီးခံခဲ့ရသော မြန်မာနိုင်ငံသားလူငယ်များ ၃၉ ဦးတို့သည် မြန်မာနိုင်ငံသံရုံးနှင့် တာဝန်ရှိသူများ၏ အချိန်မီသိရှိဆက်သွယ်ဆောင်ရွက်ပေးနိုင်မှုကြောင့် အရေးယူခြင်းမခံရဘဲ လုံခြုံစိတ်ချစွာ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ပြည်ပနိုင်ငံများတွင် Online မှ အလုပ်လျှောက်ထားလုပ်ကိုင်မည့် မြန်မာနိုင်ငံသား လူငယ်များနှင့် မိဘပြည်သူများအနေဖြင့် ကုမ္ပဏီအတုအယောင်များနှင့် ဥပဒေနှင့်မညီသော လိမ်ညာမှုလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ခြင်းမရှိစေရေး အထူးသတိပြု ဆောင်ရွက်ကြပါရန် အသိပေး၊ သတိပေး သတင်းထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

---

## ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော် အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် စိုးရိမ်ရဒဏ်ရာများရရှိ

**နေပြည်တော် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် (၂) ရပ်ကွက်နေ ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော် အသက်(၅၈)နှစ် သရုပ်ဆောင်/အဆိုတော်သည် မေ ၃၀ ရက် ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှနေအိမ်သို့ ပြန်လာစဉ် နေအိမ်တိုက်ခန်းရှေ့အရောက်၌ လမ်းလျှောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အမျိုးသား တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်းနှင့် ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် ဒေါ်လီလီနိုင်ကျော်တွင် ယာနားထင်ကျည်ထိမှန်ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်မှုအပေါ် ထောက်ခံအားပေးခြင်းမရှိသည့် ရဟန်းသံဃာများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အထက်ပါဖြစ်စဉ်၌ ဒဏ်ရာရရှိခဲ့သူ ဒေါ်လီလီနိုင်ကျော်သည် အေးချမ်းစွာ အနုပညာလုပ်ငန်းများကို လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် အကြောင်းပြချက်ဖြင့် ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့အမျိုးသမီးတစ်ဦး အပေါ် အကြောင်းမဲ့ လူမဆန်စွာ သေနတ်ဖြင့် လာရောက်ပစ်ခတ် အကြမ်းဖက်ခဲ့ခြင်းသည် ယုတ်မာရက်စက်သော သူရဲဘောကြောင်သည့် လုပ်ရပ်ပင်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်ခဲ့သူနှင့် စေခိုင်းသူများအား အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ ကျော်ကျော်ဝင့်(ခ)စိုးနိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Soe Naing Win” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဝေါပကရုံ(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ပိဋကတ်ကျောက်စာဓမ္မစေတီတော်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၃၄၀။ | ပိဋကတ်ကျောက်စာများဖြစ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့သော သံဃာတော်ရှင်သူမြတ်များအား အမှူးထား၍ ကျောက်စာအဖွဲ့(တည်းဖြတ်၊ ရေးထွင်း၊ တည်ဆောက်)ကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၂၄၂၅၀၀၀၀ |
| ၄၃၄၁။ | နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့်ဇနီး ဒေါ်သီဂီလွင်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ တတိယအကြိမ်) | ၁၇၉၀၀၀၀၀ |
| ၄၃၄၂။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်ချုပ် ဇေယျကျော်ထင် ကိုကိုလွင်နှင့်ဇနီး ဒေါ်မိုးမိုးလွင်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၁၇၉၀၀၀၀၀ |
| ၄၃၄၃။ | ဗိုလ်ချုပ်ဇေယျကျော်ထင် တင်အောင်ချစ်(ငြိမ်း) နှင့်ဇနီး ဒေါ်ဥမ္မာလွင်၊ ဦးမောင်မောင်နှင့်ဇနီး ဒေါ်မာလာစန်းတို့အားအမှူးထား၍ ဗိုလ်မှူးပြည့်ဖြိုးမောင်နှင့်ဇနီး မပြေသက်ချစ်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၁၇၉၀၀၀၀၀ |
| ၄၃၄၄။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုသက်လွင်ဦး+မမျိုးသူဇာအောင်၊ (သမီး)မသက်ရွှေနှန်းထက် (ရွှေနှန်းထက် စိန်ရွှေရတနာဆိုင်)ကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၁၀၉၀၀၀၀၀ |
| ၄၃၄၅။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးဇော်ဝင်း+ဒေါ်သန်းသန်းမြင့်၊ သား၊ သမီးများဖြစ်ကြသော မောင်ကျော်ဇင်လှ+မစုသီရိ၊ မစန္ဒာဝင်း၊ မောင်သန်းထိုက်တိုး၊ (မြေး)မောင်လင်းဝဿန်ဦး မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ စတုတ္ထအကြိမ်) | ၆၉၀၀၀၀၀ |
| ၄၃၄၆။ | ဦးထွန်းအောင်ကြည်နှင့်ဇနီး ဒေါ်ခင်ဆွေဦး မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၂၂၉၀၀၀၀၀ |

### သာသနိကအဆောက်အဦ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၃၄၇။ | ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး ဒေါက်တာအေးခိုင်ညွန့် မိသားစုကောင်းမှု (သုဓမ္မာဇရပ် အဆောက်အဦနှင့် ရေ၊ မီး ဒုတိယအကြိမ်လှူဒါန်းခြင်း) | ၅၇၀၀၀၀၀၀ |
| ၄၃၄၈။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိမိသားစုများ (သုဓမ္မာဇရပ် အဆောက်အဦနှင့် ရေ၊ မီး ဒုတိယအကြိမ်လှူဒါန်းခြင်း) | ၅၀၀၀၀၀၀၀ |
| ၄၃၄၉။ | နှင်းဆီညီအစ်မများ | ၁၁၀၀၀၀၀ |
| ၄၃၅၀။ | ဦးအောင်ဝင်း(ခ)ဝေချင်းဟိုင်နှင့်ဇနီး ဒေါ်ဝင်းဝင်းခိုင်မိသားစု၊ Jingjiang Company၊ Hanley Group (လောက်ကိုင်မြို့) | ၁၅၀၀၀၀၀၀ |
| ၄၃၅၁။ | ဦးမွတ္တား+ဒေါ်အေးကြိုင်၊ (သမီး)မအေးအေးမြင့်၊ (သား) မောင်ကျော်သူရ(မြန်မာသူရကျောက်မျက်ကုမ္ပဏီ)မိသားစုကောင်းမှု (မဟာရံတံတိုင်းမြေထိန်းနံရံ-၃ ခန်း၊ မဟာရံတံတိုင်းထောင့်တိုင်-၂ တိုင်၊ မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-၃ ခု) | ၃၀၁၀၀၀၀၀ |
| ၄၃၅၂။ | မိခင်ကြီး ဒေါ်သိန်းရင်အား ဦးထိပ်ထား၍ ဦးသန်းကျော်နှင့်ဇနီး ဒေါ်မြင့်မြင့်ဝင်း၊ (သမီး)မအေးချမ်းမြေ့၊ (သား)မောင်အောင်ခန့်ပိုင်မိသားစုကောင်းမှု (မဟာရံတံတိုင်းမြေထိန်းနံရံ-၁ ခန်း၊ မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၁ ခန်း) | ၁၀၃၀၀၀၀၀ |
| ၄၃၅၃။ | မတီဝေ၊ မစန်းဝေ၊ ကိုဖုန်းသစ်၊ မစီစီဝေ၊ ကိုကျော်ကိုကိုနှင့်ဇနီး မထက်ထက်ဝင်း မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၄၃၅၄။ | ဒေါက်တာလှမြင့်နှင့်ဇနီး ဒေါ်ငွေငွေ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | ၁၀၀၀၀၀၀ |
| ၄၃၅၅။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်ရီ မင်္ဂလာနှစ်ပတ်လည်အတွက်လှူဒါန်းခြင်း (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-၁ ခု) | ၇၀၀၀၀၀ |
| ၄၃၅၆။ | ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ(ငြိမ်း)ကောင်းမှု | ၅၀၀၀၀၀ |
| ၄၃၅၇။ | ဖခင်ကြီး ဦးလှရွှေ+မိခင်ကြီး ဒေါ်ကျင်အေးအတွက် ဦးမြင့်စိုး+ဒေါ်ငွေငွေဝင်းကောင်းမှု | ၅၀၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၃၅၈။ | (ဖခင်) ဦးဘမောင်နှင့်(မိခင်)ဒေါ်သီ၊ (အစ်ကို)ဦးတင်မြင့်၊ (အစ်မ)ဒေါ်စိန်စိန်တို့အားရည်စူး၍ဒေါ်မိမိလေး(အထက်တန်းပြ-ငြိမ်း) မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၅ စုံ) | ၁၀၀၀၀၀၀၀ |
| ၄၃၅၉။ | နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၄ စုံ) | ၈၀၀၀၀၀၀ |
| ၄၃၆၀။ | Green Myanmar Dragon Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၃ စုံ) | ၆၀၀၀၀၀၀ |
| ၄၃၆၁။ | Top Standard Engineering Trading Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၃ စုံ) | ၆၀၀၀၀၀၀ |
| ၄၃၆၂။ | ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်တင်ရှိန်နှင့်ဝန်ထမ်းမိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၃၆၃။ | နှစ်ဖက်သောကျေးဇူးရှင်မိဘများအားရည်စူး၍ ဦးဝင်းတည်+ဒေါ်နုနု၊ (သား)မောင်ရဲနိုင်ဝင်း+မတင်တင်ငွေ (သား)မောင်ကျော်စိုးဝင်း၊ (မြေး)လုလု(ခ)မမေမွန်သဲနိုင်၊ ဒီးဒီး(ခ)မောင်ရဲပြည့်အောင် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၃၆၄။ | ဦးမင်းရွှေ+ဒေါ်ဇာနည်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထဲရေးဝန်ကြီးဌာန)မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၃၆၅။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်ကြီးသုခဆွေ+မသဲယုယုနွယ်မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၃၆၆။ | ဦးတင်လှိုင်+ဒေါ်ခင်ရွှေ (ညီမ)ဒေါ်ခင်မေ၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၃၆၇။ | ဒေါ်နီလာဝင်းမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၃၆၈။ | Royal Shambella Co.,Ltd မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ နေပြည်တော်
## တင်ဒါအမှတ်– DOB/Maintenance/2023–2024/NPT/001
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေး–စစ်ကိုင်းလမ်းပေါ်ရှိ ရောဝတီတံတား(ရတနာပုံ)၏ သံမဏိသံပေါင် (RP4–RP5) (RP5–RP6)အခန်းရှိ Floor Beam များတွင် ဖြစ်ပေါ်နေသော Fatigue Crack များ ပြုပြင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံများရောင်းချမည့်ရက် | – | (၅–၆–၂၀၂၃)ရက်နေ့မှ (၁၆–၆–၂၀၂၃)ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| ၃။ | Pre Bid Meeting | – | (၂၁–၆–၂၀၂၃)၊ (၁၄:၀၀)နာရီ |
| ၄။ | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် (နည်းပညာနှင့်ဈေးနှုန်း) | – | (၂၆–၆–၂၀၂၃)၊ (၁၅:၀၀)နာရီ |
| ၅။ | နည်းပညာအောင်မြင်ကြောင်း ကြေညာမည့်နေ့ | – | (၂၉–၆–၂၀၂၃) |
| ၆။ | တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက် | – | (၅–၇–၂၀၂၃) |
တရားလိုက **"ပဋိညာဉ်အတိုင်းအရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၃)ရက်၊ (၁၃၈၅ခုနှစ်၊ နယုန်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မေလ ၃၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သန္တာညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## "အများသိစေရန်"

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အနောက်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၅အီး၃၊ မြေကွက်အမှတ်–၁၃/၁၀၃၊ အကျယ်အဝန်း (၂၅ပေx၄၀ပေ)ရှိ(မခွဲစိတ်ရသေးသော)ဦးထွေး အမည်ပေါက် မြေပိုင်မြေကွက်၏ (၁၂ ၁/၂ ပေx ၄၀ပေ)၊ ခြေရင်းဘက်ခြမ်း(မြောက်ဘက်)၊ (၂)ထပ်သွပ်မိုး ပျဉ်ထောင်အိမ်ပါ မြေနှင့်အိမ်ကို ဦးထွေး၏သမီးဖြစ်သူ ဒေါ်တင်လှမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်တင်လှနှင့် ခင်ပွန်းဖြစ်သူ ဦးမောင်လွင်တို့မှာအသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ဦးမောင်လွင်နှင့် ဒေါ်တင်လှတို့၏ သားသမီး မြေးအရင်းများဖြစ်ကြပြီး ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော (၁) ဒေါ်ခင်ခင်တင့် [၇/ရတရ(နိုင်)၀၅၆၂၄၀]၊ (၂)ဒေါ်လှလှသန်း(ကွယ်လွန်)၏ သားဦးရဲလင်းထွဋ် [၁၂/ကမတ(နိုင်)၀၀၁၈၂၁]၊ (၃)ဦးစိန်လှိုင် [၁၂/ကမတ(နိုင်)၀၁၆၁၀၆]၊ (၄)ဒေါ်ခင်ခင်မြင့် [၁၂/ကမတ(နိုင်)၀၁၅၈၂၅]တို့မှ အမွေဆက်ခံပိုင်ဆိုင်နေထိုင်လာခဲ့ကြပါသည်။ ဦးထွေး၏သားဖြစ်သူဦးထွန်းရင်မှ ၎င်းအမွေဆက်ခံပိုင်ဆိုင်ရရှိသော ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အနောက်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၅အီး ၃၊ မြေကွက်အမှတ်–၁၃/၁၀၃၊ အကျယ်အဝန်း(၂၅ပေx၄၀ပေ)ရှိ(မခွဲစိတ်ရသေးသော)ဦးထွေး အမည်ပေါက် မြေပိုင်မြေကွက်၏ (၁၂ ၁/၂ ပေx ၄၀ပေ)၊ ခေါင်းရင်းဘက်ခြမ်း(တောင်ဘက်)၊ (၂)ထပ်သွပ်မိုး ပျဉ်ထောင်အိမ်ပါ မြေနှင့်အိမ်ကို ဒေါ်ဝိုင်း(YMN–168194) ထံသို့(၁၃–၂–၁၉၈၁)နေ့စွဲပါ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဦးထွေးအမည်ပေါက် မြေပိုင်မြေ မူရင်းစာရွက်အားပေးအပ်၍ ရောင်းချထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ(မခွဲစိတ်ရသေးသော)မြေကွက်၏(၁၂ ၁/၂ ပေx၄၀ပေ)၊ ခြေရင်းဘက်ခြမ်းကို ဒေါ်တင်လှ၏ အမွေဆက်ခံပိုင်ဆိုင်ထားသည့် သားသမီးမြေးများဖြစ်သော ကျွန်ုပ်တို့၏မိတ်ဆွေများမှ အရှုပ်အရှင်းမရှိ နေထိုင်လျက်ရှိပြီး ဝယ်သူများ အမည်သို့ ပြောင်းလဲခြင်းမပြုရသေးသော ဦးထွေးအမည်ပေါက် မြေပိုင်မြေမူရင်းသည် အမွေဆက်ခံသူများနှင့်ဝယ်ယူထားသူ နှစ်ဦးစလုံးပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်ထွန်းကို ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၈၉)**

**ဒေါ်မေမီဇော ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်–၄၉၄၀၈)**

**ဒေါ်ဆွေဇင်နှင်းဇော်( LL.B )**
**အထက်တန်းရှေ့နေ (စဉ်–၅၄၄၉၉)**

**အမှတ်–၅၆၅၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃–/စီ)၊ MAC Tower**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၃၇၂၄၈၂၄၊ ၀၉–၇၉၅၃၉၉၆၃၈၊ ၀၉–၄၂၃၇၂၄၈၀၇**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၂

ဒေါ်ပနဲလပီသက်ကြီး လျှောက်ထားသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါက်တာမို့မို့ )

နှင့်

ဒေါ်ကေဆိုင်းဘူ (ခ) ဒေါ်ဆိုင်းဘူပါ – ၂ လျှောက်ထားခံရသူများ

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်စွဲပါ ရှမ်းပြည်နယ်တရားလွှတ်တော်၏ **၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် –၁၁၇၏** စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူ **(၂) ဒေါ်မေသူမြင့်၊ MBIS–ပုဂ္ဂလိကကျောင်း၊ အမှတ် (၇၂/၉)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ)** သိစေရမည်။

ဤအမှုတွင် ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို **တရားလွှတ်တော်ရှေ့နေ ဦးမြဟန်၊ ဦးအာကာမျိုးထက်**တို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၃ ခုနှစ်၊ ဇွန် လ ၁၂ ရက်နေ့ နံနက် (၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ မေ လ ၁၆ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( တင်မေလတ် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## အများသိစေရန်ကြေညာချက်

၁။ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ်(၂၈)တွင် Basement + [(၂၅)ထပ် Tower( A,C,E ) (၃)လုံး၊ (၂၁)ထပ် Tower (D) (၁)လုံး:] Kanbae Tower အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေအမည်ပေါက် ဒေါ်သန်းသန်းကြည်ထံမှ မြေငှားရမ်းထားသူ Golden Thitsar Co., Ltd ၊လိုင်စင်ရကန်ထရိုက်တာဦးစိုးလှိုင်(LC-1142)၊ ဦးအောင်မြင့်(PE-Consrtuction-6)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၂–၆–၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၅၉၄/၅၉၅/စည်ပင်–ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ Basement + [(၂၅)ထပ် Tower( A,C,E ) (၃)လုံး၊ (၂၁)ထပ် Tower (D) (၁)လုံး:] Kanbae Tower အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးစိုးလှိုင်(LC-1142) အစား ဦးနိုင်အောင်လင်း (LC-991) သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြေညာခြင်း

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံသားများဘဏ်လီမိတက်ထံမှ အငှားဝယ်စနစ်ချေးငွေဖြင့် Aung Naing Thit Sar Co., Ltd နှင့် Capital Automotive Co., Ltd(John Deere)တို့ထံမှ ရောင်းချထားသည့် အောက်ဇယားပါ လယ်ယာသုံးစက်ပစ္စည်းများကို ဝယ်ယူထားပြီး အရစ်ကျငွေများပေးသွင်းရန် ပျက်ကွက်နေသောကြောင့်လည်းကောင်း၊ ဘဏ်ကဆက်သွယ်၍မရရှိသောကြောင့် လည်းကောင်း၊ လူကြီးမင်းတို့အနေဖြင့် ဘဏ်သို့ပေးသွင်းရမည့် ငွေများအားပေးသွင်းခြင်း (သို့မဟုတ်) ဘဏ်ပိုင်လယ်ယာသုံးစက်ပစ္စည်းများအား ဘဏ်၏လက်ဝယ်သို့ လာရောက်အပ်နှံခြင်းပြုပါရန်နှင့် အောက်ဖော်ပြပါ လယ်ယာသုံးစက်ပစ္စည်းများအား တစ်နည်းနည်းဖြင့် လက်ဝယ်ထားရှိသူများအနေဖြင့်လည်း ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန်နှင့် သတ်မှတ်ကာလအတွင်း လာရောက် ဆက်သွယ်မှု မရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်–

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးအမှတ် | အမျိုးအစား | မြင်းကောင်ရေအား |
|---|---|---|---|---|
| ၁။ | ဦးခင်မောင်ဦး | ၁၄/ဝခမ(နိုင်)၁၄၆၇၅၈ | YH 850 Combine Harvester | 850 HP |
| ၂။ | ဦးမင်းဇော်ဦး | ၇/ကပက(နိုင်)၀၇၂၈၁၇ | Iseki Combine Harvester | HC 80 P+ |
| ၃။ | ဦးအောင်ကျော် | ၇/ကတခ(နိုင်)၀၆၂၉၆၄ | John Deere Tractor | 5090 E |
| ၄။ | ဒေါ်အေးမြမွန် | ၇/ပခန(နိုင်)၀၁၁၆၇၀ | John Deere Tractor | 5090 E |
| ၅။ | ဦးဘရန်အောင် | ၇/ကကန(နိုင်)၀၈၉၄၅၆ | John Deere Tractor | 5075 E |
| ၆။ | ဦးဝင်းထိန်<br>ဦးကျော်လင်းအောင် | ၇/ကပက(နိုင်)၀၃၆၃၇၀<br>၇/ကပက(နိုင်)၀၈၃၄၄၃ | John Deere Tractor | 5075 E |

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လှိုင်ဝင်းထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၆၇၉)**
**အမှတ်–(၉)၊ CDSG Condo ဝင်း၊ C–7 ယောမင်းကြီးလမ်းသွယ်၊ ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၇၅၈၆၀၄**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၂-၆-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် (၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်များအတွက်) မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရွှေကြိုမောင်မယ်များဖြင့် Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို **"ရွှေကြိုများရဲ့ Songsters"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၂-၆-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"ရွှေကြိုများရဲ့ Songsters" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ယူ | ပြင်ပအဆိုရှင် |
| ၂။ | တစ်စစီကျိုးပဲ့နေတယ် | ပြင်ပအဆိုရှင် |
| ၃။ | အချစ်ဦးမဟုတ်ပေမယ့် | ပြင်ပအဆိုရှင် |
| ၄။ | အလကားပဲ | ပြင်ပအဆိုရှင် |
| ၅။ | သခင် | ပြင်ပအဆိုရှင် |
| ၆။ | ဂန္ဓဝင်ဆည်းဆာ | ပြင်ပအဆိုရှင် |
| ၇။ | ကယ်တင်ခြင်း | ပြင်ပအဆိုရှင် |
| ၈။ | မှားပြန်တယ် | ပြင်ပအဆိုရှင် |
| ၉။ | ထွက်ချည်ဝင်ချည် ခိုနားရာ | ပြင်ပအဆိုရှင် |
| ၁၀။ | ပန်းကမ္ဘာမျှော်စင် | ပြင်ပအဆိုရှင် |




### အမည်ပြောင်းလဲခေါ်ဆိုရန်

တွံတေးမြို့၊ မင်းပိုင်းရပ်ကွက်၊ စိုက်ပျိုးရေး(၂)လမ်းနေ (ဘ)ဦးယဉ်ထွေး (မိ)ဒေါ်နီနီအောင်တို့၏ သမီး မနှင်းဝင့်စံ[၁၂/တတန(နိုင်)၂၈၄၀၈၈]ကို ယနေ့မှစ၍ မမေနန်းသခင်ဟု ပြောင်းလဲခေါ်ဆိုပါရန် ကြေညာအပ်ပါသည်။

**မမေနန်းသခင်**

ဒဂုံမြို့သစ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
09260664480
09260664490

### တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးစိုးဝင်း [၉/ပဘန(နိုင်)၁၂၁၂၆၁]နှင့် ဦးစိုးနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးဝင်း(ခ) ဦးစိုးနိုင်**

### စာအုပ်စာပေ လူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄ရပ်ကွက်၊ အပိုင်း(၆)၊ ကျော်ထင်နော်ရထာလမ်း၊ အမှတ် ၄၄၁ပေါ်ရှိ မြေပေ(၄၀'x၆၀')၊ ဦးခင်မောင်လတ် အမည်ပေါက်မြေ၏ အစိတ်အပိုင်းတွင်းရှိ လူနေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ဖြူဖြူသင်း [၁၂/ဥကမ(နိုင်)၁၈၈၃၄၂] ကိုင်ဆောင်သူထံမှ ဒေါ်မြတ်မွန် [၁၂/ဥကမ(နိုင်)၂၅၇၁၅၅]ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်သည်။ မည်သူမဆို ၁၀-၇-၂၀၂၃ နေ့ရက် နောက်ဆုံးထား အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသို့ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေပေးချေ၍ အပြီးသတ်ရောင်း/ဝယ်စာချုပ်ချုပ်ဆို ဝယ်ယူတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်မြတ်မွန် [၁၂/ဥကမ(နိုင်)၂၅၇၁၅၅]၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝေနွယ်ဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၄၆)**
**၅၃၂/၁၅၊ စေတနာလမ်း၊ ရွှေပေါက်ကံ၊ မ/ဥက္ကလာ။**
**ဖုန်း-၀၉-၄၂၀၀၅၅၈၅၇**

**အမိမြေ**
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း မြောက်ပိုင်း၊ အရှေ့ပိုင်း) မြေကွက်များဝယ်လိုသည်။
09-255233478

### ပျောက်ဆုံးကြောင်း

ဒေါ်သန်းရွှေ [၁၂/သကတ(နိုင်) ၁၀၈၁၃၆]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်-897421 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-5241564**

### "တိုက်ခန်းဝယ်ယူမည်" ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁)လမ်း၊ အမှတ် (၁၃)၊ (အေ-၄ )၊ (၄-လွှာ)၊ (၁၂ပေx၅၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်လှလှသွယ် [၁၁/မပန(နိုင်)၀၈၅၉၂၉]က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးဝေယံဟိန်းနိုင် [၁၂/ဥကမ(နိုင်)၁၉၅၈၆၂]မှ လည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၂၇)**
**အမှတ် (ရ/၁၄)၊ မေတ္တာလမ်း၊ တိုးချဲ့ (၄) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၆၀၂၁၄၀**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ်(၄၄)၊ ပဥ္စမထပ်(၆-လွှာ)(ဘီ)၊ အကျယ်အဝန်း(၁၂'x ၅၅')ရှိ တိုက်ခန်းသည် အဆက်အစပ် ကတိစာချုပ်များဖြင့် ဒေါ်မာမာချို [၁၂/ကတတ(နိုင်)၀၁၃၉၉၂]မှ လက်ဝယ်ထားပိုင်ဆိုင်ပြီး ၎င်းမှရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်ကိုယ်စားလှယ်ရသူ ဒေါ်မာမာချို၏ တရားဝင်ခင်ပွန်းဖြစ်သူ **ဦးတင်လှိုင် [၁၂/ကတတ(နိုင်)၀၀၃၇၉၃]မှ အထွေထွေကိုယ်စားလှယ်စာအမှတ်- (၃၇၃၃/၁၈-၃-၂၀၁၅)**ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုစိမ့်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၆၃)**
**အမှတ်-(၁၉၅)၊ ဒုတိယထပ်၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၅၈၆၊ ၀၉-၉၅၅၁၈၄၅၈၆**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၂)လမ်း၊ အမှတ်(၁၃၈၇)ပေါ်တွင် ဆောက်လုပ်ထားသည့်တိုက်၏ (တတိယထပ်)၊ (၄-လွှာ)၊ (ခြေရင်းခန်း)၊ (တိုက်မျက်နှာမူညာ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟုအဆိုပြုသူ **ဦးဇော်ဇော်အောင်[၇/တငန(နိုင်)၀၀၀၁၇၀]၊ ဒေါ်ရီရီချို[၁၂/လမန(နိုင်)၁၃၆၅၂၄]**တို့မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်နှင်းနုစိုး(LL.B, D.B.L, D.M.L)** | **ဒေါ်ခင်ခင်ဆွေ(LL.B)** | **ဒေါ်အိအိပိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)** |

**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂ )**
**ကျောက်တံတားခရိုင်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၉ နှင့် ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃၃**

ဦးအောင်မျိုးခင် (ကွယ်လွန်သူ ဦးခင်မောင်သန်း၏ တရားဝင်ကိုယ်စားလှယ်) } နှင့် {

၁။ ဦးမြင့်သန်းလင်း (ကွယ်လွန်သူ ဒေါ်ရင်ရင်ခင်၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဒေါ်အေးမြမြတ်ခင် (ကွယ်လွန်သူ ဦးတင်မောင်ခင်၏ တရားဝင်ကိုယ်စားလှယ်)
၃။ ဒေါ်ဒေါ်ရစ်ခင်
၄။ ဒေါ်မာလာမြင့် [ကွယ်လွန်သူ ဦးခင်မောင်ဦး(ခ)ဘာတီခင်၏ တရားဝင်ကိုယ်စားလှယ်]
၅။ ဒေါ်ဝင်နီခင်
၆။ ဒေါ်လှမြတ်သင်း(ကွယ်လွန်သူဦးတင်ဝင်း၏ တရားဝင်ကိုယ်စားလှယ်)
၇။ ဒေါ်ရီရီဝင်း
၈။ ဦးမောင်မောင်ဝင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်စန္ဒာမြင့်)
၉။ ဒေါ်မြစိမ်း (ခ) ဒေါ်မြကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းလှိုင်)
၁၀။ ဒေါ်စန်းစန်းဝင်း

**ဒီကရီအနိုင်ရသူ — တရားရှုံးများ**

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ သီလလမ်း၊ အမှတ်-၄ နေ(၄)တရားရှုံး ဒေါ်မာလာမြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ် (၁၅) နေ(၇)တရားရှုံး ဒေါ်ရီရီဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်း/မြောက်၊ အမှတ် ၈၈၅ နေ (၈)တရားရှုံး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၉၄)လမ်း၊ အမှတ် (၈၅)နေ (၉)တရားရှုံး ဒေါ်မြစိမ်း(ခ) ဒေါ်မြကြည် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။**

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၉ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်မျိုးခင်(ကွယ်လွန်သူ ဦးခင်မောင်သန်း၏ တရားဝင်ကိုယ်စားလှယ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၂ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂ )**
**ကျောက်တံတားခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၃နှင့် ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃၄**

ဒေါ်ဝင်နီခင် } နှင့် {

၁။ ဦးမြင့်သန်းလင်း
၂။ ဒေါ်အေးမြမြတ်ခင်
၃။ ဦးအောင်မျိုးခင် (ကွယ်လွန်သူဦးခင်မောင်သန်း၏တရားဝင်ကိုယ်စားလှယ်)
၄။ ဒေါ်မာလာမြင့်(ကွယ်လွန်သူ ဦးခင်မောင်ဦး(ခ)ဘာတီခင်၏ တရားဝင်ကိုယ်စားလှယ်)
၅။ ဒေါ်ဒေါ်ရစ်ခင်
၆။ ဒေါ်လှမြတ်သင်း(ကွယ်လွန်သူ ဦးတင်ဝင်း၏ တရားဝင်ကိုယ်စားလှယ်)
၇။ ဒေါ်ရီရီဝင်း
၈။ ဦးမောင်မောင်ဝင်း (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်စန္ဒာမြင့်)
၉။ ဒေါ်မြစိမ်း(ခ)ဒေါ်မြကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းလှိုင်)
၁၀။ ဒေါ်စန်းစန်းဝင်း

**ဒီကရီအနိုင်ရသူ — တရားရှုံးများ**

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ သီလလမ်း၊ အမှတ်-၄နေ (၄)တရားရှုံးဒေါ်မာလာမြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ် (၁၅)နေ (၇)တရားရှုံး ဒေါ်ရီရီဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်း/မြောက်၊ အမှတ်-၈၈၅ နေ (၈) တရားရှုံး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၉၄)လမ်း၊ အမှတ် (၈၅)နေ (၉)တရားရှုံး ဒေါ်မြစိမ်း(ခ)ဒေါ်မြကြည် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။**

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၃ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဝင်နီခင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၂ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၉၊ မြေကွက်အမှတ်- ၁၆၁၇၊ ဧရိယာ- ၄၀ ပေ × ၆၀ ပေ ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစောထွန်းဦး (၁၂/လမန (နိုင်) ၀၈၇၉၃၀) ၏ အမည်ဖြင့်ခွင့်ပြုချထားပေးသော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကျော်ကျော် (၁၂/လသန (ပြု) ၀၀၀၁၂၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၉၊ မြေကွက်အမှတ်- ၁၆၆၂၊ ဧရိယာ- ၄၀ ပေ × ၆၀ ပေ ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးတင်ငွေ (၆/ထဝန (နိုင်) ၀၃၈၆၁၆) ၏ အမည်ဖြင့်ခွင့်ပြုချထားပေးသော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကျော်ကျော် (၁၂/လသန (ပြု) ၀၀၀၁၂၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် မြိုင်ဟေဝန် ကွန်ဒိုမီနီယမ်အဆောက်အဦရှိ တိုက်အမှတ်(A)၊ အခန်းအမှတ် (၇၀၁)၊ (၇)လွှာ၊ အကျယ်အဝန်း(1200 Sqft)ရှိ ကွန်ဒို တိုက်ခန်းနှင့် တွဲဆက်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား (၁) ဦးဝင်းနိုင် (TKA-၀၄၉၀၅၀)နှင့် (၂)ဒေါ်သီတာဝင်း (TKA-၀၃၉၄၂၂) [၁၂/သကတ(နိုင်)၀၉၅၈၉၂]တို့မှ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ဦးဝင်းနိုင်မှာ (၂-၁၁-၂၀၁၉) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးဝင်းနိုင်သည် လူပျိုကြီးဖြစ်ပြီး ပူးတွဲ ဝယ်ယူထားသူ ဒေါ်သီတာဝင်းက ကွယ်လွန်သူ ဦးဝင်းနိုင်၏ အစ်မအရင်းဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈) (၀၉-၂၅၀၆၈၅၇၁၇)**

**အမှတ်(၂၇၉)၊ သုမင်္ဂလာလမ်းမ၊ တတိယထပ်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၇၃၂၂၁၀၂၂၊ ၀၉-၇၇၇၇၂၀၁၆၆**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၂၄ )၊ မြေကွက် အမှတ်-( ၁၄၉၉ )အရ မြေအကျယ်အဝန်း-( ၂၄၀၀ )စတုရန်းပေ၊ မြေဧရိယာ-( ၀.၀၅၅ )ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၁၄၉၉)၊ ပြည်ထောင်စုလမ်း၊ (၂၄)-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သောအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြင့်သိန်း ( ၁၂/ရကန (နိုင်) ၀၀၇၄၈၅ ) အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးသွင်ဇာနည်ဦး(ဥပဒေဘွဲ့) | ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့) |
| အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၄) | အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀) |

အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊ ၈၂၉၆၁၃၂။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၉၇/ခ)၊ မြေအကျယ်အဝန်း(အလျားxအနံ) (၂၀ပေx၆၀ပေ)ရှိ ဦးမြင့်ရှိန် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ်အမှတ်(၄၉၇/ခ)၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံး၊ ရေမီးအစုံအလင်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်စန်းနု (S/OKA-၀၄၈၆၁၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက(၂၉-၅-၂၀၂၃)ရက်စွဲပါ "မြေနှင့် အိမ်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး** |
| **LL.B,W.I.P.O(Switzerland)** | **LL.B,D.B.L,B.D.S(MOFA) (Dip in English), W.I.P.O(Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၅၀၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၉၁၁၃)** |

**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

**ဖုန်း- ၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၄၄၂၇၅၃၆၁၅**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၁၇၉)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြေကွက် အမှတ် (၁၇၉)၊ ဧရိယာ (၀.၀၆၀)ဧကေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဦးရွှေထွန်း [၁၂/ရကန(နိုင်)၀၂၂၈၀၅] အမည်ပေါက်ဖြစ်ပါသည်။ မြေအမည်ပေါက် ကွယ်လွန်ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်နန်းကြာပွင့် [၁၂/ရကန(နိုင်)၀၂၂၈၀၆]မှ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း ဝန်ခံလျက် အဆိုပါ မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘောဘီ**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၁)**

**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၂**

## ရောင်းချရန်ကြော်ငြာစာ

## တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆

## မရမ်းကုန်းခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ် ၊ တရားမဇာရီမှုအမှတ်- ၂၆၈

| | | |
|---|---|---|
| ဒေါ်သင်းသင်းခိုင် **ဒီကရီအနိုင်ရသူ** | } နှင့် { | ဒေါ်အေးအေးမော် **တရားရှုံး** |

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၆၁၄/ ၂၀၂၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ် သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင် ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

**ရန်ကုန်တိုင်းဒေသကြီး ၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄ မှ တိုးချဲ့ ရပ်ကွက်၊ ငွေလမ်း၊ ရတနာကျွန်းရိပ်သာ၊ အမှတ်-၄၇ ဟုခေါ်တွင်သော အလျား (၈၀ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်း မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းအရပ်ရပ်အားလုံး။**

လေလံကြမ်းခင်းဈေး - **ငွေကျပ် (၅၀၀၀) သိန်းတိတိ (ငွေကျပ်သိန်းငါးထောင်တိတိ)**

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်း ခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့် အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော် လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီး သည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ် ထားသည့်စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်း ပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

မှတ်ချက်။ အရောင်းကြော်ငြာထုတ်ဆင့်သောအထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အား မြန်မာ့ရှေ့ဆောင်ဘဏ်တွင် ပေါင်နှံထားသောပစ္စည်း ဖြစ်ပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်းများမှာ မြန်မာ့ရှေ့ဆောင် ဘဏ်လီမိတက်၏ လက်ဝယ်တွင်ရှိပါသည်။

**(မြတ်ခိုင်ဝင်း)**

**ခရိုင်တရားသူကြီး**

**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ မြစန္ဒာလမ်း၊ ခြံအမှတ်(၁၈)၊ အကျယ်အဝန်း (၅၀'x၂၀၀')ပေ ဘိုးဘွားပိုင်ရွာမြေကွက်အား အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားရှိသူ ဒေါ်အေး အေးစန်း [၁၂/မရက(နိုင်)၁၂၇၂၁၉] ကိုင်ဆောင်သူမှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ သဘောတူသည့်အလျောက် ကျွန်တော် ဦးမောင် မောင်ကျော်သွင် [၁၂/လမတ(နိုင်)၀၂၅၆၆၀] ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်း၊ စာချုပ်မူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ကျော်သွင်**

**[၁၂/လမတ(နိုင်)၀၂၅၆၆၀]**

**ဖုန်း-၀၉-၇၉၉၃၂၂၀၇၇**

## ရောင်းချရန်ကြော်ငြာစာ

## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

## မရမ်းကုန်းခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ် ၊ တရားမဇာရီမှုအမှတ် - ၂၆၉

| | | |
|---|---|---|
| ဒေါ်သင်းသင်းခိုင် **ဒီကရီအနိုင်ရသူ** | } နှင့် { | ဒေါ်အေးအေးမော် **တရားရှုံး** |

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၆၁၅/၂၀၂၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ နံနက် (၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ် သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင် ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄ မှ တိုးချဲ့ ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ်- ၁၄၁ ဟုခေါ်တွင်သော အလျား (၆၀ပေ xအနံ ၈၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ် တွင် ဆောက်လုပ်ထားသော ချမ်းမြေ့ဆေးရုံအဆောက်အဦအပါအဝင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်အားလုံး။**

လေလံကြမ်းခင်းဈေး - **ငွေကျပ် (၁၀၀၀၀) သိန်းတိတိ (ငွေကျပ်သိန်းတစ်သောင်းတိတိ)**

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်း ခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူ မည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချ လိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာရောင်းချ သည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီး သည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ် ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်း ပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

မှတ်ချက်။ အရောင်းကြော်ငြာထုတ်ဆင့်သော အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ် အား မြန်မာ့ရှေ့ဆောင်ဘဏ်တွင် ပေါင်နှံထားသော ပစ္စည်းဖြစ်ပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်းများမှာ မြန်မာ့ ရှေ့ဆောင်ဘဏ်လီမိတက်၏ လက်ဝယ်တွင်ရှိပါသည်။

**(မြတ်ခိုင်ဝင်း)**

**ခရိုင်တရားသူကြီး**

**မရမ်းကုန်းခရိုင်တရားရုံး**

❖ အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်...

❖ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်...

❖ အားကစားသမားကောင်း တစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပသော ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင် အူထိုင်းမြို့နယ်ရှိ Pioneer Manufacturing (Thailand) Co., Ltd မှ အလုပ်သမားများ အလုပ်ထုတ်ခံရမှုသတင်းဖော်ပြမှုနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်ခြင်း

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင် အူထိုင်းမြို့နယ်ရှိ Pioneer Manufacturing (Thailand) Co., Ltd မှ အလုပ်သမားများ အလုပ်ထုတ်ခံရမှုသတင်းဖော်ပြမှုနှင့် ပတ်သက်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် မှန်ကန်မှုရှိ/မရှိ စိစစ်၍ အလုပ်သမားများ၏ ရပိုင်ခွင့်များရရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၂၄-၅-၂၀၂၃ ရက်နေ့ VOA Burmese Facebook လူမှုကွန်ရက်စာမျက်နှာ၌ “ ထိုင်းနိုင်ငံ အယုဒ္ဓယ အူထိုင်းမြို့နယ်တွင် မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်း Pioneer Manufacturing (Thailand) Co., Ltd က ကြေညာပြီး နစ်နာကြေးအဖြစ် စုစုပေါင်းဘတ် ၉၇ သန်းနီးပါးပေးခဲ့ပေမယ့် ထိုင်းအလုပ်သမားဝန်ကြီး မစ္စတာဆူချတ်ချွမ်ကလင်က ဒါဟာလုပ်ထုံးလုပ်နည်းနှင့်ညီမညီ စစ်ဆေးရန်နှင့် အလုပ်လက်မဲ့ဖြစ်နေသူများအတွက် လူမှုဖူလုံရေးခံစားခွင့်ရရှိရန်အတွက် နယ်မြေတာဝန်ရှိသူတွေကို ကူညီဖို့ ညွှန်ကြားထားကြောင်း” သတင်းဖော်ပြခဲ့ပါသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ◆



# ရန်ကုန်မြို့ဆိပ်ကမ်းများ၌ ဇွန်လတွင် နိုင်ငံတကာကုန်သေတ္တာတင်သင်္ဘော ၅၇ စင်း ဆိုက်ကပ်ပြေးဆွဲမည်

**ရန်ကုန် မေ ၃၁**

ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ကမ်းငါးခုနှင့် သီလဝါဆိပ်ကမ်းရှိ ဆိပ်ကမ်းနှစ်ခုတို့၌ သွင်းကုန်/ပို့ကုန်များကို ကုန်သင်္ဘောများဖြင့် ကုန်စည်စီးဆင်းလျက်ရှိရာ ဇွန်လတွင် သင်္ဘောလိုင်း ၁၅ လိုင်းမှ နိုင်ငံတကာကုန်သေတ္တာတင်သင်္ဘော ၅၇ စင်း ဆိုက်ကပ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ဇွန်လတွင် သင်္ဘောလိုင်း ၁၅ လိုင်းမှ သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်သွားမည်ဖြစ်ရာ SEALAND MAERSK ASIA လိုင်းမှ ၁၀ စင်း၊ SAMUDERA SHIPPING LINEလိုင်းမှ ရှစ်စင်း၊ R.C.Lလိုင်းမှ ခြောက်စင်း၊ MSC LINE လိုင်းမှ ငါးစင်း၊ NEW GOLDEN SEA(COSCO) လိုင်းမှ လေးစင်း၊ SITC လိုင်းမှ လေးစင်း၊ Ti2 CONTAINER LINE လိုင်းမှ လေးစင်း၊ IAL လိုင်းမှ သုံးစင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# အနောက်တောင်မုတ်သုံလေ ဝင်ရောက်

**နေပြည်တော် မေ ၃၁**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများနှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မိုး/ဇလ

# MNL ပြိုင်ပွဲတွင် ရန်ကုန်အသင်း နိုင်ပွဲဆက်ပြီး ရောဝတီအသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် မေ ၃၁**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို မေ ၃၁ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်အသင်း နိုင်ပွဲဆက်ပြီး ရောဝတီအသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ **စာမျက်နှာ ၁၄ ကော်လံ ၅ သို့** ○



ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။